# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ တနင်္လာနေ့။ Monday, 6 October 2025 ၁၁၉၆၂


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



## ကျောက်ဆည်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်လှူပွဲတော်နှင့်ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရွှေသာလျောင်းတောင်ခြေ ဆင်အကအလှပြိုင်ကွင်းဗဟိုမဏ္ဍပ်၌ ကျင်းပသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

### ယနေ့ ဖတ်စရာ


ပြည်ထောင်စုအောင်ပွဲ တို့အောင်ပွဲ

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာ-ဘယ်လာရုစ် တေးဂီတ ပူးပေါင်းဖျော်ဖြေပွဲ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပ

စာမျက်နှာ » ၁၃

ကျောက်မဲမြို့၌ ပြည်သူ့ဆေးရုံ (ယာယီဆေးရုံ) ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၁၅

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ကေဘယ်လ်ကားများ အောက်တိုဘာ ၄ ရက်မှစတင်ပြီး နေ့စဉ်ပြန်လည်ပြေးဆွဲလျက်ရှိ

စာမျက်နှာ » ၂၄


## တိုင်ဖွန်းမုန်တိုင်း“မတ်မို”တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ်ကမ်းရိုးတန်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်


နေပြည်တော် အောက်တိုဘာ ၅

**တိုင်ဖွန်းမုန်တိုင်း “မတ်မို” (METMO) အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “မတ်မို” (MATMO)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ကို ကျန်ကျမ်းမြို့(Zhanjiang)နှင့် လိမ့်ကျိုးမြို့(Leizhou)အကြားမှ ဖြတ်ကျော်လျက်ရှိသည်။

**တိုင်ဖွန်းမုန်တိုင်း “မတ်မို”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း“မတ်မို”သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၀ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၁၀ ဒသမ ၅ ဒီဂရီတွင်ရှိပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း “မတ်မို” (MATMO) လမ်းကြောင်းပြပုံ။

ကြေးမုံ

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

သီတင်းကျွတ်လပြည့် အခါသမယသို့ရောက်သော် ဗုဒ္ဓဘာသာ အစဉ်အလာအရ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြခြင်း၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဘုရား၊ ကျောင်း၊ လမ်း၊ ရပ်ကွက်၊ ဓမ္မာရုံနှင့် နေအိမ်၊ တိုက်တာ၊ အဆောက်အအုံများတွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးထွန်းညှိ ပူဇော်ကြခြင်းတို့ကို များသောအားဖြင့် ဦးစားပေးပြုလုပ်ကြသည်။ အမှန်တကယ်တွင် သီတင်းကျွတ်လပြည့်နေ့၏ အနှစ်သာရသည် “အဘိဓမ္မာအခါတော်နေ့” ဖြစ်၍ အဘိဓမ္မာတရားကို အမွှမ်းတင်ပြီး ကောင်းမှုအထူးထူးပြုသင့်ကြပေသည်။

သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု ဆိုထားသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် ၇ ဝါမြောက် ဝါကပ်ရင်း သန္တုသိတအမည်ရသော မယ်တော်မိနတ်သားအမှူးရှိသည့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားတော်ကို ၃ လတိတိ ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်ကို ပြီးပြည့်စုံစွာ ဟောကြားပြီးစီးတော်မူခဲ့သည်။ ထိုသို့ အဘိဓမ္မာတရားဟောကြားမှု ပြီးပြည့်စုံသည့် သီတင်းကျွတ်လပြည့်နေ့ကို အမွှမ်းတင်၊ ဂုဏ်တင်ပြီး မြတ်ဗုဒ္ဓကိုလည်း ပူဇော်ရာရောက်စေရန်အတွက် ပညာရှိတို့က အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့ပါသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြန်မာလူမျိုးများအတွက်သာမက ထေရဝါဒဗုဒ္ဓဘာသာဝင် တိုင်းရင်းသားလူမျိုးများအားလုံးနှင့်သက်ဆိုင်သည်ဖြစ်ရာ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓကိုရည်မှန်း၍ ဆီမီးအလှဆင်ပူဇော်ကြသည်မှာ လျော်ကန်သင့်မြတ်ပါသည်။ တစ်ရွာတစ်ပုဒ်ဆန်းအောင် ပုံသဏ္ဌာန်မျိုးစုံဖြင့် မီးရောင်စုံထွန်းညှိပူဇော်ကြသည့်အပြင် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ရည်မှန်းကာ မီးပုံးပျံလွှတ်၍ ပူဇော်ကြပါသေးသည်။ မြတ်ဗုဒ္ဓ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွတော်မူသည့်အခါ မြတ်ဗုဒ္ဓက လောကဝိဝရဏတန်ခိုးတော်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအချင်းချင်း အတားအဆီးမရှိမြင်တွေ့ရင်း မြတ်ဗုဒ္ဓကို ဖူးမြော်ခွင့်ရစေသည်။ မြတ်ဗုဒ္ဓကို ကြည်ညိုစိတ်ဖြင့် ရောင်စုံမီးများဖြင့် ပူဇော်ကြသည်။

မျက်မှောက်ကာလတွင်မူ မီးထွန်းပူဇော်ပွဲသာမက အပျော်အပါး ပွဲလမ်းသဘင်များပါ ပါဝင်လာပါသည်။ ဈေးရောင်းပွဲတော်များဖြင့်လည်း တိုးမပေါက်အောင် စည်ကားလာသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်ကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမည့် လူငယ်တို့စုဝေးရာသည် သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲဖြစ်လာသည်။ အမျိုးဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုသည်။ အပျော်ဘက်ရေးထက် ကောင်းမှုဆက်ရေးကို ကြိုးစားအားထုတ်သင့်ပါသည်။ မြတ်စွာဘုရားရှင်သည် မယ်တော်မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန် အကြောင်းခံသည်။ ရှင်သာရိပုတ္တရာအမှူးရှိသော နတ်ဗြဟ္မာ သတ္တဝါ ပရိသတ်အပေါင်းက ဘုရားရှင်အား ပူဇော်ကြသည်။

သီတင်းကျွတ်လတွင် ဘုရားရှင်အား ပူဇော်ကန်တော့သည့် အစဉ်အလာကောင်းဖြင့် ရဟန်းရှင်လူ မိဘဆရာသက်ကြီးဝါကြီးများအား ပူဇော်ကန်တော့သည့် အစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာသည်။ ဗုဒ္ဓစာပေတွင် ဝတ္ထုပစ္စည်းတစ်ခုခုဖြင့် ပူဇော်ခြင်းသည် အာမိသပူဇာမည်သည်။ လှူဒါန်းပေးကမ်း ဝတ္ထုပစ္စည်းမပါဘဲ လက်အုပ်ချီမိုး ရှိခိုးခြင်းသက်သက်ဖြင့် ပူဇော်ခြင်းသည် မြတ်စွာဘုရား၏ ဩဝါဒတရားကို လိုက်နာကျင့်သုံးရာရောက်၍ ဓမ္မပူဇာမည်သည်။ သက်ကြီးဝါကြီးများ ပူဇော်ပွဲသည် ဝတ္ထုပစ္စည်းဖြင့်၊ လက်အုပ်ချီမိုးခြင်းဖြင့် ပူဇော်ခြင်းတို့သည် အစဉ်အလာမပျက်သည့် ယဉ်ကျေးမှုကို ထိန်းသိမ်းရာရောက်သည်။ ထို့အတူ မိမိတို့စိတ်သန်ရာ ဆီမီးထွန်းပူဇော်ခြင်းမှအစ ကောင်းသောအမှုအမျိုးမျိုးတို့ကို အပျော်အရွှင်သက်သက်ထက် ပိုမိုစုံဖက်၍ အလေးထားဆောင်ရွက်သင့်သည်။

လောကကြောင်းအနေဖြင့်ကြည့်လျှင် သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းတို့၏ ချီးမွမ်းခြင်းခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးသောသူဟု အသိအမှတ်ပြုခံရခြင်းစသည့် အကျိုးတရားများရရှိနိုင်သည်။ ဓမ္မကြောင်း ရှုထောင့်မှကြည့်လျှင် ပူဇာစ ပူဇနေယျာနံ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောဝစဿတာမင်္ဂလာတရားတော်များဖြင့် အကျိုးထူးများကို ခံစားနိုင်ကြောင်း ဘုရားရှင်က ဟောကြားထားတော်မူသည်။ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကို ကုစားသော (ဝါ) အပြစ်ကို ပပျောက်စေသော နည်းတစ်နည်းဖြစ်သည်။ သံသရာခရီးသည်တို့သည် အတိတ်၊ မျက်မှောက်ဘဝ၌ ကံသုံးပါး တစ်ပါးပါးဖြင့် ပြစ်မှားခဲ့မှုများရှိသည်။ အပြစ်ကို တောင်းပန်ကန်တော့ခြင်းဖြင့် ပပျောက်စေနိုင်သည်ဟု မြတ်ဘုရားက ဟောကြားထားသည်။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့် အခါသမယနေ့တွင် အတုမရှိမြတ်စွာဘုရားရှင်က မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်သည်ကို ရည်မှန်း၍ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆင်နွှဲကြသလို မိဘဆရာ သက်ကြီးဝါကြီးများအား လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြခြင်းဖြင့် အပြစ်ကြီးငယ်များ ပပျောက်နိုင်သည့် အစဉ်အလာဓလေ့ကို မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ထွန်းကားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တပ်ကုန်းမြို့၌ (၂၄)ကြိမ်မြောက် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူ



**တပ်ကုန်း အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုက (၂၄)ကြိမ်မြောက် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူခြင်းကို ယနေ့နံနက် ၆ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ကျင်းပသည်။

ထိုသို့ လောင်းလှူရာတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် ဆရာတော်၊ သံဃာတော်နှင့်ကိုရင် စုစုပေါင်း ၆၀၉ ပါးတို့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှစတင်၍ မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် မြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးဆီသို့ ဆွမ်းအလှူခံကြွချီတော်မူခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီနိုင်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လမ်းဘေးဝဲ/ယာအလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းမျိုးစုံ လောင်းလှူဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

■

## ၅ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ဆေးဝါးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဆေးဝါးဗေဒသင်ကြားရေးဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် လိုအပ်သည်များကို မှာကြားကာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် Practical ခန်းများ၊ Pharmaceutical Chemistry Lab၊ စာသင်ခန်းများ၊ ဌာနများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို မှာကြားသည်။

ဆက်လက်၍ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၌ ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက ဆေးဘက်ဆိုင်ရာနည်းပညာများအား ခေတ်မီနည်းပညာများနှင့်အညီသင်ကြားနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားရေးအထောက်အကူပြုပစ္စည်းများအသုံးပြု၍ ဆက်လက်သင်ကြားပေးနိုင်ရေး၊ ပြောင်းလဲတိုးတက်လာသော ဆေးဘက်ဆိုင်ရာနည်းပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာပြီး သုတေသနဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေး မှာကြားကာ



ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်သွားသော အဆောက်အအုံများ ပြင်ဆင်နေမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**☆ ရှေ့ဖုံးမှ**

အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တိုးမြင့်ကျော်၊ ဗိုလ်မှူးချုပ် မင်းနိုင်ဝင်း၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူ၊ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်၊ ကျောက်ဆည်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ အငြိမ်းစား ဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့မိမြို့ဖ ဦးကျော်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ဆင်များက အောင်စေ၊ ပိုင်စေသီချင်းဖြင့်ညွှန့်ခံဖျော်ဖြေခဲ့ပြီး ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ညွှန့်သည်တော်များအား ဆင်အကအလှပြိုင်ပွဲအမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင်ဆင်များက မြန်မာပြည်သားသီချင်းဖြင့် သီဆိုကပြကာ ဆင်ပြိုင်ကွင်းမှ ပြန်လည်ထွက်ခွာခဲ့ပြီး ဇော်ဂျီမောင်ညွှန့်ခံဆင်အဖွဲ့က ဆင်အကအလှ စွမ်းရည်များဖြင့် ညွှန့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

ထို့နောက် ဆင်အကအလှပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ညွှန့်ခံဆင်တစ်စီး၊ ဂုဏ်ပြုဆင်နှစ်စီး၊ သက်ကြီးဆင်လေးစီး၊ ပြိုင်ပွဲဝင်ဆင် ၁၄ စီး၊ မြို့မစျေးပတ်ဆင် ၆၂ စီး စုစုပေါင်း ၈၃ စီး ပါဝင်ကြောင်းနှင့် ပြိုင်ပွဲများပြုလုပ်ရာ၌ ရိုးရာ(လူကြီးဆင်)၊ ရိုးရာ(ကလေးဆင်)၊ ဘော်ကြယ်ဆင်၊ သဘာဝတီထွင်ဆန်းသစ်မှုဆင် စသည့်ပြိုင်ပွဲလေးမျိုးကျင်းပခဲ့ပြီး ပြိုင်ပွဲများအလိုက် ဆုရရှိခဲ့သည့် ဆင်များအားဂုဏ်ပြုဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**


**○ တိုင်ဖွန်းမုန်တိုင်းမှ**

ဗဟိုချက်လေဖိအား ၉၇၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၁၈ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “မတ်မို” သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း“မတ်မို” အဖြစ်သို့ အားလျော့သွားနိုင်ကာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ်ကမ်းရိုးတန်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**




## ASEAN-COCI

## နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၅**

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN-COCI) တည်ထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင်ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင့်စ်မြို့၌ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲ (International Industrial Exhibition "INNOPROM. Belarus") သို့ တက်ရောက်ခဲ့သည်။



**ကျင်းပ**

မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၂ ရက်တွင် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဆင်း ရူဇန်ကော့ဗ်တို့က ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ မတ်လအတွင်းတွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများ အကောင်အထည်ဖော်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ လက်မှတ်ရေးထိုးပြီးဖြစ်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာကို အခြေခံ၍ရေးဆွဲလျက်ရှိသည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပြီးသတ်ရေးဆွဲရေးကိစ္စရပ်များကို လည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် အဆိုပါစာချုပ်စာတမ်းများနှင့် လမ်းပြမြေပုံတို့တွင် ပါဝင်သည့်ကဏ္ဍများဖြစ်သော စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေးနှင့် ဆေးဝါး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် အခွင့်အလမ်းများကို ကဏ္ဍအလိုက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင် ပူးတွဲဥက္ကဋ္ဌများက ဒုတိယအကြိမ် ပူးတွဲကော်မတီ အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုလဲလှယ်ခဲ့ကြပြီး ကော်မတီအစည်းအဝေးကျင်းပခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့သည် စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပသည့် ကုန်သွယ်ရေးပြပွဲအစီအစဉ်၊ မျက်နှာစုံညီအစည်းအဝေးနှင့် အထူးညှော့သည်တော်များအား ညှော့ခံပွဲတို့သို့ တက်ရောက်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးသို့ ဘယ်လာရုစ်၊ ရုရှား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ်စတန်နှင့် တာဂျစ်ကစ်စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ တက်ရောက်၍ မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ထိပ်တန်းစီးပွားရေးအမှုဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်၍ ဘယ်လာရုစ်နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ နည်းပညာမြင့်ထုတ်ကုန်များ၊ ခေတ်မီနည်းပညာများနှင့် စက်ယန္တရားများ ခင်းကျင်းပြသမှုများကို လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက်က ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာအလီယက်စန်ဒါ ခါဂျာရက်ဗ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒန်းနစ်ဘာခေနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စက်မှုနှင့် လယ်ယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့သည်။

ယင်းအပြင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံသို့ သွားရောက်၍ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံရေး စီမံဆောင်ရွက်မှုများကိုလည်းကောင်း၊ မင့်စ်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ မော်တော်ယာဉ်၊ လူနာတင်ကားများ၊ ရွေ့လျားဆေးကုသသည့် မော်တော်ယာဉ်များ၊ မီးသတ်ကားများ ထုတ်လုပ်နေမှုများနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကို လည်းကောင်း လေ့လာကြည့်ရှုခဲ့ရာ စက်ရုံအသီးသီးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်လမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ မြန်မာဘက်မှ ကော်မတီအဖွဲ့ဝင်များသည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးမှုများနှင့် လေ့လာမှုများကို ဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို တွဲဖက်ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံ သုတေသနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်သည် Advin CJSC စက်ရုံနှင့် Belmedpreparaty ဆေးဝါးထုတ်လုပ်သည့် စက်ရုံတို့သို့ သွားရောက်၍ စက်ပစ္စည်း ပုံရိပ်ဖော်စက်များ၏ နည်းပညာဆန်းသစ်ထုတ်လုပ်မှုများနှင့် ဆေးဝါးထုတ်လုပ်နေမှုများကို လေ့လာခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များသည် ဘယ်လာရုစ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေး



**ရန်ကုန် အောက်တိုဘာ ၅**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၅ ရက်က အတွင်းရေကျော် ကျေးရွာသို့ မြေပြင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက အတွင်းရေကျော်ကျေးရွာတွင် ပန်းခင်းစီမံချက်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပြုလုပ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မပေးအပ်မီ Biometric အချက်အလက် ကောက်ယူ၍ UID နံပါတ် ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ကြိမ်တစ်ခါမျှ ကိုင်ဆောင်ထားခြင်းမရှိသူများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကျိုင်းတုံမြို့နယ်၌ မိုးစပါးစီမံကိန်းသီးနှံများ စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**တောင်ကြီး အောက်တိုဘာ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာ၌ မိုးစပါးစီမံကိန်းသီးနှံ (သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် ပုလဲရတနာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်မှ မိုးစပါးထိုင်းနံ့ကောက်စပါးမျိုး ၁၄ ဧကနှင့် ရွှေရင်အေးစပါးမျိုး ၁၇၇ ဧက စိုက်ပျိုးထားရှိမှုကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၈၃ ရက်

သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြား အချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိ နေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြား မဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည် မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မြောက်ဥက္ကလာပမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွက် မဲဆန္ဒရှင်စာရင်းများအား ပထမအကြိမ် ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက် ၁၉ ရပ်ကွက်ရှိ သက်ဆိုင်ရာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတို့တွင် ကပ်ထား ကြေညာထားလျက်ရှိသည်။



အဆိုပါ မဲစာရင်းများကပ်ထား ကြေညာမှုကို မြောက်ဥက္ကလာပ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဦးအောင်လေးဟာ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲရုံအလိုက် လိုက်လံကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

မြောက်ဥက္ကလာပ မြို့နယ် အတွင်း ရပ်ကွက် ၁၉ ရပ်ကွက်၌ မဲရုံ ၁၄၀ ရှိကာ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူစုစုပေါင်း ၁၇၈၀၉၂ ဦးရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ



**ရွှေကျင် အောက်တိုဘာ ၅**

ပဲခူးတိုင်း ဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင် မြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ အား စက်တင်ဘာ ၃၀ ရက် နံနက် ပိုင်းမှစတင်၍ ရပ်ကွက်၊ ကျေးရွာ များအတွင်းရှိ ကြော်ငြာဘုတ်များ ဖြင့် ကြေညာထားကြောင်း သိရ သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ရက် သတ္တ နှစ်ပတ်ကြာ ကပ်ထား ကြေညာထားရှိမည်ဖြစ်ပြီး မဲဆန္ဒ ရှင်စာရင်းတွင် မိမိအမည်မပါရှိ ပါက ပုံစံ(၃)ဖြင့် တောင်းဆိုရမည် ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ရမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် မိမိနာမည်၊ မှတ်ပုံတင်၊ အဘအမည် စသည် ဖြင့် မှားယွင်းနေပါက ပုံစံ ၄(က) ဖြင့်ပြင်ဆင်ရမည် ဖြစ်ကြောင်း၊ အထက်ပါပုံစံများအား ရပ်ကွက်/ ကျေးရွာ ကော်မရှင်ခွဲများထံတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရ သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာထားမှုကို မဲဆန္ဒရှင်ပြည်သူများက နေ့စဉ်ကြည့်ရှုလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ ရန် မဲဆန္ဒရှင်အမည်စာရင်းများကို ကပ်ထားကြေညာထားရာ အင်းစိန် ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူ စာရင်း(နည်းဥပဒေ-၄)တွင်ပါဝင် သည့် မဲဆန္ဒရှင် ပြည်သူအမည် စာရင်းများအား မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် များက စက်တင်ဘာ ၃၀ ရက် မှစတင်၍ ကြေညာလျက်ရှိ သည်။



ထိုသို့ကြေညာကပ်ထားခြင်းကို မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မိမိတို့ အမည်စာရင်းများကို ကြည့်ရှုနိုင်ပြီး မပါဝင်ပါက ပုံစံ (၃) ဖြင့်လည်းကောင်း၊ အချက် အလက်မပြည့်စုံပါက ကန့်ကွက် လိုလျှင် ပုံစံ (၄)ဖြင့်လည်းကောင်း တင်ပြ ဆောင်ရွက်နိုင်ကြောင်း မဲစာရင်း ကြေညာထားခြင်း မဲစာရင်းများကို ပြည်သူများ မသိသူမရှိစေရန် ရပ်ကွက်/အုပ်ချုပ် ရေးတာဝန်ရှိသူများက အသံချဲ့ စက်များဖြင့် လှည့်လည်နှိုးဆော် ပေးကြသည်။

ယင်းမဲစာရင်းများကို ပထမ အကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက် အထိ ကြေညာသွားမည်ဖြစ်ပြီး နောက်ဆုံးအကြိမ် မဲဆန္ဒရှင် ပြည်သူများစာရင်းကို နိုဝင်ဘာလ တွင် ထပ်မံကပ်ထားကြေညာသွား မည်ဖြစ်ကြောင်း မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



စမ်းချောင်း မြို့နယ် အတွင်း မဲပေးပိုင်ခွင့်ရှိသူ များ၏ အမည်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ရပ်ကွက်အလိုက် ကော်မရှင် အဖွဲ့ခွဲရုံးများတွင် ပထမ အကြိမ် ကြေညာကပ်ထားရာ လာရောက် ကြည့်ရှုသူများကို တွေ့ရစဉ်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# ပြည်ထောင်စုအောင်ပွဲ တို့အောင်ပွဲ

ရန်ကင်းကိုကိုလေး

**နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များတွင်လည်းကောင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အကြိုပြိုင်ပွဲများ ကျင်းပလျက်ရှိသော သတင်းများကို ဖတ်ရှုတွေ့မြင်နေရသည်။**

**"မြန်မာတိုင်းရင်းသားတို့၏ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီဖြစ်သော ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးဓလေ့များ မြန်မာ့ဟန်၊ မြန်မာမှု၊ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ထင်ရှားစွာရှိခဲ့"**

ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာထူးချွန်သူများက နေပြည်တော်၌ နိုင်ငံတော်အဆင့် ကျင်းပတော့မည့် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့် ပြိုင်ပွဲကြီးတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ချစ်ကြည်စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ အနုပညာစွမ်းရည်များကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြသခွင့် ရကြပေတော့မည်။

**တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စု ဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးတို့၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ရိုးရာယဉ်ကျေးမှုကို မှီတည်၍ ရိုးရာဂီတ အနုပညာများသည်လည်း မတူကွဲပြားကြသည်။ မတူကွဲပြားမှုများနှင့်အတူ အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို စုစည်း၍ ယဉ်ကျေးမှု အနုသုခုမတည်းဟူသော ခေါင်းစဉ်အောက်တွင် ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ မပျောက်ပျက်အောင် ကြိုးပမ်းဖော်ထုတ်ရမည် ဖြစ်သလို ဆက်လက်ပြန့်ပွားအောင် ကြိုးပမ်း မြှင့်တင်ရမည်လည်းဖြစ်သည်။

မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကြီးမားသော နိုင်ငံဖြစ်ကြောင်းကို ယနေ့ကာလအထိ ရှင်သန်နေဆဲဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များက သက်သေပြလျက်ရှိနေသည်။ ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြနေသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်သွားပါက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရလည်း ပျောက်ဆုံးသွားမည်ပင် ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုမြင့်မားလေ နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းမြင့်မားလေပင်ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် လူသားတစ်ဦး သို့မဟုတ် မျိုးနွယ်စုတစ်စု စတင်မွေးဖွားသည်မှ သေဆုံးသည်အထိ ထိတွေ့ရင်ဆိုင် ကြုံတွေ့ဖြတ်သန်းရသော အရာအားလုံးဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ယနေ့မျိုးဆက်သစ်လူငယ်များ မွေးဖွားကြီးပြင်းရာ ခေတ်တွင် နိုင်ငံအသီးသီး၊ လူမျိုးအသီးသီး၏




အမျိုးမျိုးသော ယဉ်ကျေးမှုများသည် မီဒီယာ နည်းပညာများကို အသုံးပြု၍ လွတ်လပ်ပွင့်လင်းစွာ စီးဆင်းလာကြသည်။ ထိုအထဲတွင် တိုးတက်ဆင့်ပွားယူဆောင်ရမည့်အရာများရှိသလို ဆန့်ကျင်ဖီလာဖြစ်နေသည့်အရာများလည်း ပါဝင်လာပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ အတုယူမှား၊ လမ်းမှား မလိုက်မိစေရန်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရန် လူငယ်များ၏ စိတ်နှလုံးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကိုတန်ဖိုးထား နှစ်သက်မြတ်နိုးစိတ်မှာ စွဲထင်ကာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ကြစေရန်အတွက် အစဉ်အလာမပျက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများကို နိုင်ငံတော်အဆင့် ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ဆင်နွှဲကျင်းပနိုင်ခဲ့သည်မှာ ယခု ၂၀၂၅ ခုနှစ်တွင် (၂၆) ကြိမ်မြောက်အထိ ခရီးပေါက်ခဲ့ပြီဖြစ်ပါသည်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ်ရည်ရွယ်ချက်ကောင်းများစွာဖြင့် ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် နိုင်ငံတော်အကြီးအကဲက (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့သဖြင့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများ ပြန်လည်အသက်ဝင် လှုပ်ရှားခွင့်ရရှိခဲ့သည်။ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို ထိန်းသိမ်းဆောင်ရွက်ထားသော ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထားသူ ဝါသနာရှင်လူငယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ပြန်လည်ပေါ်ထွန်းလာခြင်းကို ဝမ်းသာပီတိ ဂုဏ်ယူဝင့်ကြွားစွာဖြင့် စောင့်ကြိုနေကြပြီး ရွှင်လန်းတက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသဖြင့် ထိုအောင်ပွဲမဟာသည် ယခု ၂၀၂၅ ခုနှစ်တွင် (၂၆) ကြိမ်တိုင်လေပြီ။

မြန်မာတိုင်းရင်းသားတို့၏ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီဖြစ်သော ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးဓလေ့များ မြန်မာ့ဟန်၊ မြန်မာမှု၊ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ထင်ရှားစွာရှိခဲ့ပါသည်။

**"မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများမှ တွေ့ရှိခဲ့ရသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသော သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာရေးဆိုင်ရာ အဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစွာနေထိုင်လာခဲ့ကြသည့် လူမျိုးဖြစ်ကြောင်း ခိုင်မာစွာသိရှိရပါကြောင်း။**

**ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ အမျိုးသားရေးစံနှုန်းများ**

**မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့နေဖို့ ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ ပြည်သူအားလုံးနှင့် အနုပညာရှင်များ လူငယ်လူရွယ်များအားလုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက်စည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ဆက်လက်ရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှု အန္တရာယ်ကို ခုခံကာကွယ်နိုင်ရေး၊ ဘိုးဘွားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းအမွေဆက်ခံမည့် မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံအား ပြည့်ဝခိုင်မာလာစေရေး အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာ တည်တံ့စေရေးအတွက် ဦးတည်ပြီး အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း အစဉ်ထာဝရမြင့်မားစေရအောင် အနုပညာစွမ်းအားဖြင့် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးကြရေး တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း"** (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံတော်က အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ (၂၆) ကြိမ်မြောက်ပြိုင်ပွဲကြီးကို ပြိုင်ပွဲဝင်ဘာသာရပ် ပြည့်ပြည့်စုံစုံ၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ်ပြိုင်ပွဲဝင် လူငယ်လူရွယ်မောင်မယ်များ၊ အင်ပြည့်အားပြည့်ဖြင့် ပါဝင်ဆင်နွှဲယှဉ်ပြိုင်နိုင်ကြရန်အတွက် အားကြိုးမာန်တက်ဖွဲ့၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ ပြင်ဆင်လေ့ကျင့်နေကြပြီဖြစ်ရာ မကြာမီနေ့ရက်များတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အနုပညာဥယျာဉ်သာပန်းခင်းကြီးအတွင်း ရောင်စုံပွင့်လန်း ပန်းအလှကမ္ဘာကြီးအသွင် မြန်မာ့ရိုးရာအနုပညာ စွမ်းအင်များကို တက်ကြွလန်းရွှင်စွာ စွမ်းပကားပြသကြပေတော့မည်။

မှီငြမ်းကိုးကား

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မှတ်တမ်းများ

**"မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကြီးမားသော နိုင်ငံဖြစ်ကြောင်းကို ယနေ့ကာလအထိ ရှင်သန်နေဆဲဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များက သက်သေပြလျက်ရှိနေသည်။ ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြနေသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်သွားပါက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရလည်း ပျောက်ဆုံးသွားမည်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုမြင့်မားလေ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းမြင့်မားလေပင်ဖြစ်"**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ် မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD ၊ MRTV – Entertainment၊ MRTV – Parliament၊ MRTV – NRC၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော Channel 9 ၊ Up to Date နှင့် Readers' Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel၊ MWD Variety – HD Channel တို့မှ လည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။


သတင်းစဉ်

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ



နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များသည် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ ယနေ့တွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များ ရောက်ရှိကြသည်။



"ဒီနှစ်မှာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပြိုင်ပွဲဝင် ၁၂၃ ဦးနဲ့ ဘာသာရပ် ၆၃ ခုမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အရင်နှစ်ကတော့ အတီးဘာသာရပ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိခဲ့တယ်။ အခုနှစ်လည်း ရွှေတံဆိပ်ဆုတွေ အများကြီးရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ပဲခူးတိုင်းဒေသကြီးက တာဝန်ရှိသူတွေကလည်း ထောက်ပံ့ကူညီမှုတွေ လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ပေးတဲ့အတွက် ပြိုင်ပွဲဝင်ကလေးတွေက အားကြိုးမာန်တက် ကြိုးကြိုးစားစားနဲ့ စနစ်တကျ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီးမှ အုပ်ချုပ်သူ ဒေါ်နီနီဝင်းသန်းက ပြောသည်။

ထိုသို့ ရောက်ရှိလာသည့် ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်ကြမည့် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ သတ်မှတ်ထားသည့်တည်းခိုဆောင်များတွင် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးကြသည်။

အလားတူ ပြိုင်ပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် ရှမ်းပြည်နယ်ကိုယ်စားပြု ကဗျာလွတ်အက ပြိုင်ပွဲဝင် မသွန်းသက်မှုးစံက "ကျွန်မက ရှမ်းပြည်နယ်ကိုယ်စားပြု ကဗျာလွတ်အက အဖွဲ့ကနေ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အခုနှစ်နဲ့ဆိုရင် ဝင်ရောက်ယှဉ်ပြိုင်တာလေးနှစ်ရှိပါပြီ။ ပြိုင်ပွဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံတွေ့ဆုံခွင့်ရတာက အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ အများကြီးလုပ်ဆောင်ခဲ့ပါတယ်" ဟု ပြောသည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၌ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ဒေါ်နီနီဝင်းသန်း



မသွန်းသက်မှုးစံ

## တွဲလက်ခိုင်စို့

❖ အို..ညီကိုဆွေ၊ ရှုပါလေလော့
တည်နေတောင်တော၊ စိမ်းမြန်သောလျက်
ပေါများသယံ၊ အဖိုးတန်တို့
အလျှံပယ်မျှ၊ ပိုင်ဆိုင်ကြသည်
အာဂမြန်မာ မဟုတ်လော...။

❖ သို့မကပါ၊ စုံကြေညာဝယ်
သွယ်ဖြာမြစ်ချောင်း၊ မြေဆီကောင်း၌
ပြောင်းနှမ်းစပါး၊ သီးနှံများတို့
ဖွံ့ထွားပြည့်ဝ၊ လှိုင်လှိုင်ရသည်
အာဂမြန်မာ မဟုတ်လော...။

❖ သို့မကလျှင်၊ အောက်ရပ်ခွင်ဝယ်
ပင်လယ်ပိုင်နက်၊ ကောင်းမွေဆက်မို့
ထွက်ပေါက်ကမ္ဘာ၊ မကစွာတည့်
ရိက္ခာသားငါး၊ ပုလဲများပြင်
မြေသားရေအောက်၊ ဆုကြီးရောက်သို့
တူးဖောက်ရေနံ၊ ဓာတ်ငွေ့လျှံ၍
ဆက်ခံပြည့်ဝ၊ ရမြဲရသည်
အာဂမြန်မာ မဟုတ်လော...။

❖ သို့နှယ်များစွ၊ ဂုဏ်အင်လှမို့
အာဂမြန်မာ၊ ဆိုရပါလည်း
ပြည်ရွာတစ်ဝန်း၊ ယမ်းငွေ့လွှမ်းလို့
သွားလမ်းမသာ၊ လာလမ်းမဖြောင့်
အမှောင့်များထွေ၊ စိုးထိတ်လေက
အခြေမြင့်လျက်၊ စီးပွားတက်ဖို့
အခက်ကြုံရချေမည်တကား...။

❖ အာဂစုံထွေ၊ ပိုင်ဆိုင်ချေလည်း
တို့တွေချင်းချင်း၊ ရန်စစ်ခင်းသည့်
သတင်းပြည့်လျှမ်း၊ မငြိမ်းချမ်းသော်
ကမ်းဆက်နီးနွှယ်၊ စီးပွားသွယ်ဖို့
အဘယ်ရပ်ခြား၊ နိုင်ငံများမှ
စဉ်းစားကြမည်၊ မဟုတ်သည်မို့
တိုင်းပြည်ရှေ့ဆက်၊ ဖွံ့ဖြိုးတက်ဖို့
အခက်ကြုံရချေမည်တကား...။
အို...
ယမ်းနံ့တွေဝေး၊ ပန်းနံ့မွှေးလျက်
အေးချမ်းဖွံ့ဖြိုး၊ စည်ပင်တိုးအောင်
ကြိုးပမ်းညီညီ၊ ရှေ့သို့ချီဖို့
သည်နေ့သည်ခါ၊ စတင်ကာလျှင်
'မင်း' 'ငါ' မသုံး၊ 'တို့တွေ' သုံးလျက်
စည်းလုံး ညီကြ မည်တကား...။
တွဲလက်ခိုင်သင့် ပြီတကား.....။ ။

မောင်စိမ်းနောင်(လယ်ဝေး)

[(၁၀)နှစ်ပြည့် NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။]

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးတက္ကသိုလ်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “မြတ်ဆရာ”သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မေစန်းရီက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမ များ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူ များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက “ဥယျာဥ်နန်းက ပွင့်သစ်ပန်း” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက မြတ်ဆရာတေးသီချင်းဖြင့် အခမ်းအနားကို ဂုဏ်ပြု သီဆိုဖွင့်လှစ်ပေးပြီး ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်း အမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် မွန်ပြည်နယ် ပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ ခေါင်းဆောင်များကပေးပို့သော စုပေါင်းသဝဏ်လွှာ ကိုဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပြည်နယ်အဆင့် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ဆရာ ဆရာမများက “တို့ဆရာ” တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှု အားပေးပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက ကမ္ဘာ့ ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေတင်ဆက် ပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ကန်တော့ခံအငြိမ်းစားဆရာကြီး ဆရာမကြီး များ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ပုသိမ်မြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ



**ပုသိမ် အောက်တိုဘာ ၅**

ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ ဆရာများနေ့ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ အမှတ်(၄)အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများက “မြတ်ဆရာသခင် ကန်တော့ပန်း ဆင်”သီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့် ဒုတိယရရှိသူနှင့် အထက်တန်း အဆင့် ပထမရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ကဗျာပြိုင်ပွဲ ဗဟိုအဆင့် တတိယဆုရရှိသူနှင့် အထက်တန်းအဆင့် ပထမဆုရရှိ သူများအားလည်းကောင်း ဂုဏ်ပြု မှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ်နှင့် ဝန်ကြီးတို့က ကမ္ဘာ့ဆရာ များနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြု မှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၈) အခြေခံပညာ အထက်တန်း ကျောင်းမှကျောင်းသား ကျောင်းသူ များက “ပန်းကလေးများရဲ့ ဥယျာဉ်မှူး” သီချင်းဖြင့်လည်း ကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်း သား ကျောင်းသူများက “လမ်းပြ ကြယ်” သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေရေးကျောင်းသား ကျောင်း သူများအား ဂုဏ်ပြုငွေပေးအပ်ပြီး အခမ်းအနား တက်ရောက်လာသူ များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးစကားပြောကြား ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျောက်တန်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့ အလက(မြို့မ) ရွှေသံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် ဒုတိယမြို့နယ် ပညာ ရေးမှူး ဆရာမကြီး ဒေါ်တင်တင်ဝေက မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ကြီးကန်တော့ခံ ဆရာကြီး ဆရာမကြီး ၉၈ ဦးအား ကန်တော့ပွဲနှင့်အတူ ဆီမီးထွန်းညှိပူဇော်ကာ ကန်တော့ချိုးဖြင့် ပူဇော် ကန်တော့ခဲ့ကြပြီး အလှူငွေနှင့် ကန်တော့ခံပစ္စည်းများကို လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။ **သန့်ဇင်ထွန်း**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ"သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် နေပြည်တော်ပညာရေးမှူးရုံးညွှန်ကြားရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပုသိမ်မြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပုသိမ် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမတွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "မြတ်ဆရာ" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူးက ဖတ်ကြားသည်။ ယင်းနောက် အသက်(၇၀) နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများက ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ပုသိမ်မြို့ AD Myanmar ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လမ်းပြကြယ်" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အဖြစ်ပြုလုပ်သည့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့သည့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တောင်ကြီးမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စကိုကပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက ဖတ်ကြားသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပြည်နယ်အဆင့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများ၊ ဖျော်ဖြေရေးအဖွဲ့များကို ဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဆုရ ကျောင်းသား ကျောင်းသူများကို လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြပြီး အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လမ်းပြကြယ်" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာကျောင်းများမှ ဆရာမများက "ပန်းကလေးများရဲ့ ဥယျာဉ်မှူး" သီချင်းဖြင့် လည်းကောင်း သီဆို ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ယင်းနောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက နေရာအရောက် ကန်တော့ဂါရဝပြုငွေများ ပေးအပ်ကြပြီး အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေပေးကြသည့် အခြေခံပညာကျောင်းများမှ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "အနန္တငါးဖြာ မြတ်ဆရာ" သီချင်းဖြင့် သီဆိုဂါရဝပြုပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှိခိုးပူဇော်ကန်တော့ကြသည်။

ယင်းနောက် စာရေးဆရာမ ငွေခြည်လင်းလက်(မြန်မာစာ)ရေးသားသည့် ဆရာကြီး ဆရာမကြီးများ၏ ကျေးဇူးဂုဏ်တော်ချီးမွမ်းခန်းကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ Grade-12 ကျောင်းသူ မအိဖြိုးခိုင်က ဖတ်ကြားပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကန်တော့ဂါရဝပြုငွေများပေးအပ်ကြရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီး တစ်ဦးစီက ဩဝါဒဆုပေးစကားချီးမြှင့်၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကို အခြေခံပညာ ဆရာ ဆရာမများက "အာစရိယဂုဏော အနန္တော" သီချင်း ဖြင့် သီဆိုဂါရဝပြုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်မြို့ရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့ရှိ အားကစားကွင်း/ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်းသို့ရောက်ရှိပြီး Multipurpose Stadium ရှိ လျှောက်လမ်းများနှင့် မျက်နှာစာအဝင်လမ်းများ ကောင်းမွန်စေရန်၊ နိုင်ငံတော်အလံကို သစ်လွင်တောက်ပစွာ အမြဲတမ်းလွှင့်ထူထားရန်၊ ပြိုင်ပွဲရုံ ရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် စနစ်တကျတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ မြသီတာအားကစားကွင်းသို့ရောက်ရှိပြီး တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းနှင့် အလျားပေ ၂၀၀၊ အနံပေ ၁၅၀ ရှိ လူဦးရေ ၂၁၀၀ ဆံ့ မိုးလုံလေလုံ အားကစားရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရေရှည်တည်တံ့စေရေး၊ သတ်မှတ်စံချိန်၊ စံညွှန်းနှင့်ပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအား အသေးစိတ်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့သွားရောက်၍ ဘောလုံးကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြေသား မျက်နှာပြင်ညီညာစေရေး၊ မြက်ခင်းပြင်စိမ်းလန်းစိုပြည်စေရေးနှင့် Synthetic ပြေးလမ်းကောင်းမွန်စေရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲနှင့် ပထမအဆင့်ပွဲစဉ်များဖြစ်သည့် စနူကာ-15 Red နှစ်ယောက်တွဲပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့် စနူကာအားကစားနည်းဖြင့် အောင်နိုင်ရေးဆုတံဆိပ်များ ရရှိစေရေးအတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပခုက္ကူမြို့၌ မြန်မာ့ဂုဏ်ဆောင် ခြင်းလိပ်ပြာနန္ဒာဝင်း တစ်ပင်တိုင်ခြင်းအလှခတ်စွမ်းရည်ဖြင့် ဖျော်ဖြေ

**ပခုက္ကူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသော ခြင်းအလှခတ်ပွဲတွင် မြန်မာ့ဂုဏ်ဆောင် ခြင်းလိပ်ပြာနန္ဒာဝင်း တစ်ပင်တိုင်ခြင်း အလှခတ်စွမ်းရည်ဖြင့် နှစ်ရက်တာလာရောက်အလှပြ ဖျော်ဖြေခဲ့သည်။




မြန်မာ့ရိုးရာ ခြင်းခတ်အားကစားယဉ်ကျေးမှု တိမ်ကောပပျောက်မှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ကြစေရေး ရည်ရွယ်ပြီး ပခုက္ကူမြို့ ရေးဟောင်းသမိုင်းဝင်သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ခြင်းလုံးအလှခတ်ပွဲတွင် ခြင်းဝါသနာရှင် ပြည်သူများကို ခြင်းအလှခတ် စွမ်းရည်ဖြင့် ဖျော်ဖြေပေးရန် ခြင်းလိပ်ပြာနန္ဒာဝင်းကို ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ခြင်းအလှခတ်ပွဲတွင် ခြင်းမင်းသား၊ မင်းသမီးများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီးမှ အောင်မင်းထွေး၊ မန္တလေးတိုင်းဒေသကြီးမှ မိုးထက်မြင့်၊ မျိုးဆက်သာနှင့် စိုးဝေနှင်း၊ မကွေးတိုင်းဒေသကြီးမှ ကိုရှိုင်း၊ တင်တင်လင်း၊ အောင်သူဘိုတို့ ပါဝင်သည့်အပြင် ပခုက္ကူမြို့နယ်မှ ခြောက်ဦးစီပါဝင်သည့် ခြင်းအလှခတ်အဖွဲ့ ၁၂ ဖွဲ့လည်း ပါဝင်ကြောင်း၊ ပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပခြင်းဖြစ်ကြောင်း ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌ ဦးလှဖုန်းထံမှ သိရသည်။

“သမီးအသက် ခြောက်နှစ်ကတည်းက ခြင်းခတ်ဝါသနာပါပြီး လေ့ကျင့်ခဲ့တာပါ၊ ဖေဖေခြင်းခတ်တဲ့နောက်ကို လိုက်သွားရင်း စိတ်ဝင်စားလာလို့ သင်ယူလေ့ကျင့်ခဲ့တာပါ။ လက်ရှိ သမီးအသက် ၁၂ နှစ်ရှိပါပြီ။ ဘုရားပွဲ၊ အလှူပွဲ၊ ကထိန်ပွဲနဲ့ အခြားပွဲတွေမှာ ခြင်းအလှခတ်ပါတယ်။ ခြင်းအလှခတ်က အရင်ဦးဆုံး ခြေဖျားတော့ပြီး သီချင်းလေးတွေနဲ့ကတယ်။ ကွင်းတွေ၊ အာဆီယံကွင်း၊ မီးကွင်းတွေနဲ့ အလှပြကစားတယ်။ ပါးစပ်ကိုက်ပြီး ဓားပြား၊ ဓားသွားတွေပေါ်တင်တယ်၊ ခုံပေါ်၊ ပုလင်းပေါ်တွေ တက်ကစားတယ်။ ပုသိမ်ထီး တစ်ချောင်း၊ နှစ်ချောင်းတွေနဲ့ အလှပြခတ်တယ်။ နောက်ပိုင်း ပြိုင်ပွဲတွေမှာဝင်ပြိုင်ပြီး နိုင်ငံကျော် ခြင်းမင်းသမီးတစ်ယောက်ဖြစ်တဲ့အထိ ဆက်လက်ကြိုးစားသွားချင်ပါတယ်”ဟု မြန်မာ့ဂုဏ်ဆောင် ခြင်းလိပ်ပြာနန္ဒာဝင်းက ပြောသည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ခြင်းအလှခတ် ကစားနည်းသည် ကမ္ဘာက အားကျဂုဏ်ယူလောက်သည့် ကစားနည်းဖြစ်ပြီး ခြင်းလုံးတစ်လုံးကို လူ ၄၊ ၅၊ ၆ ဦးတို့က မြေပေါ်သို့မကျအောင် ဝိုင်းဖွဲ့ခတ်ကစားရသောကြောင့် အဖွဲ့တွင်ပါဝင်သူတစ်ဦးချင်း၏ စိတ်ကို ညီညွတ်စေသည့်အပြင် ကိုယ်လက်လှုပ်ရှားမှုရိုးရာအားကစားတစ်ရပ်အဖြစ် ဘိုးဘေးဘီဘင်များလက်ထက်မှစတင်ပြီး ယနေ့အထိ မြတ်နိုးခုံမင်စွာ ကစားလာခဲ့သော အားကစားနည်း ဖြစ်ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



# အိမ်မဲမြို့နယ် မြို့မဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေး

**အိမ်မဲ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများပူးပေါင်းကာ ယနေ့မွန်းလွဲပိုင်းက အသိပညာပေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်းနှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေး ပြောကြားပြီး ဈေးဆိုင်များအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှုအခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**သုံးခွ အောက်တိုဘာ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီတွင် အမှတ်(၉)ရပ်ကွက်ရှိ ပြည်သူများအား ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးထွန်းဆွေက ပန်းခင်းစီမံချက်အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မပျောက်မပျက်အောင် စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိနှင့်အသက် ၁၈ နှစ်အထက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများကို လိုအပ်သော သက်သေခံအထောက်အထားများ၊ စာရွက်စာတမ်းများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြော

**ကျုံပျော် အောက်တိုဘာ ၅**

ကျုံပျော်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် မြို့မ(၁)အမက၌ ယမန်နေ့က ပြုလုပ်သည်။



**ဟောပြောဆွေးနွေး**

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝင်းထွဋ်ကျော်က စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိသင့်သည်များ၊ မီးသတ်ဆေးဘူးအကြောင်း သိကောင်းစရာ၊ လက်တွေ့မီးငြိမ်းသတ်နည်းများနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး သိကောင်းစရာများကိုဟောပြောဆွေးနွေးပြီး ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်၊ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်က ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများက ဆုများပေးအပ်ကြသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဆရာဆိုသည်မှာ" သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အနန္တငါးဖြာ မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ဆုရစာမူများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မကွေးမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မကွေး အောက်တိုဘာ ၅



ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ရှိ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် တိုင်းဒေသကြီး ပညာရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် အထက်တန်း၊ အလယ်တန်း ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူများက "ဦးညွှတ်ပါသည်" သီချင်း၊ လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ "ခွင့်လွှတ်ပါဆရာ"သီချင်းဖြင့် တေးသရုပ်ဖော်ကပြဖျော်ဖြေ တင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သီဆိုဖျော်ဖြေခဲ့ကြသည့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)ကျိုင်းတုံမှ ညွှန်ကြားရေးမှူး ဒေါ်နော်ရသ်က ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး အခြေခံပညာဦးစီးဌာနမှ အငြိမ်းစား ယူခဲ့သော ကန်တော့ခံ အသက်(၇၀)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး ၆၇ ဦးအား ဂါရဝပြုငွေသားများနှင့်အတူ စုပေါင်းကန်တော့ခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# သာစည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



သာစည် အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ဖတ်ကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဒုတိယမြို့နယ် ပညာရေးမှူး ဦးမြင့်ကျော်က ဖတ်ကြားသည်။ ထို့နောက် အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ယင်းနောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထက်/လယ်/မူအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆီဆိုင်မြို့၌ ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပ

ဆီဆိုင် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှဝင်းက ကမ္ဘာ့ဆရာများနေ့အကြောင်းကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြတိုက်များ၏ ခေတ်မီပြောင်းလဲမှုအတွက် အရေးပါဆုံး ဆုံမှတ် ၂၀၂၅ ပြတိုက်ထိပ်သီးညီလာခံ

သီသီသောင်း

**ယနေ့ခေတ် ပြတိုက်များသည် အတိတ်မှ ယဉ်ကျေးမှုအမွေအနှစ် အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်၊ ပြသရာနေရာသာမက လူ့ဘောင်အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များ၊ အတွေ့အကြုံများ၊ ဖန်တီးမှုနှင့် အနာဂတ်အမြင်များကို သက်ဝင်ပေါင်းစပ်ဖော်ဆောင်သည့် ယဉ်ကျေးမှုအဖွဲ့အစည်းများဌာနအဖြစ် တိုးတက်လာပါသည်။**




တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ၌ ၂၀၂၅ ခုနှစ် မတ်လက ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပြတိုက်ဆိုင်ရာ ထိပ်သီး ညီလာခံ (Museum Summit 2025) သည် "အကန့်အသတ်များကို ကျော်လွန်ခြင်း" (Going Beyond) ဆိုသည့် အဓိက အကြောင်းအရာအောက်တွင် ၂၁ ရာစု ပြတိုက်များ၏ တာဝန်နှင့် အခန်းကဏ္ဍ အသစ်များကို လေ့လာဆန်းစစ်ရန်၊ အမြင်အသစ်များ ဖော်ထုတ်ရန်၊ ပြတိုက်များကို သမားရိုးကျအခန်းကဏ္ဍများမှ ကျော်လွန်ကာ ခေတ်မီနည်းပညာ အသုံးချမှုမှစ၍ ခရီးသွားလုပ်ငန်းနှင့် ပေါင်းစပ်တိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ရေရှည်တည်တံ့ရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင်မှု စသည့်ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။ ထို့ပြင် ပြတိုက်များသည် လူထုပါဝင် ပူးပေါင်းဆွေးနွေးဖလှယ်မှုများ၊ ဆန်းသစ်တီထွင်မှု၊ ယဉ်ကျေးမှုဖလှယ်မှု၊ အနာဂတ်ဗျူဟာများကို အခြေခံကာ လူ့အဖွဲ့အစည်းအတွက် ပိုမိုကျယ်ပြန့်သည့်ဝန်ဆောင်မှုများ ပံ့ပိုးနိုင်ရန် ယဉ်ကျေးမှုဗဟိုဌာနအဖြစ် တိုးတက်ဖော်ဆောင်နိုင်ရန်လည်း ရည်ရွယ်ပါသည်။

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့ရှိပြတိုက်နယ်ပယ်မှ ပညာရှင် ၃၀၀၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းမှ နာမည်ကြီး ပြတိုက်များနှင့် အဖွဲ့အစည်းများမှ ပြတိုက်ဦးဆောင်သူများနှင့် ပညာရှင် ၃၀ ကျော်က ပါဝင်ဆွေးနွေးခဲ့ကြပြီး လက်တွေ့အတွေ့အကြုံများနှင့် အမြင်အသစ်များကို မျှဝေခဲ့ကြကာ ပြတိုက်ဆိုင်ရာထိပ်သီးညီလာခံ ပထမနေ့တွင် စာတမ်းရှင် ၁၂ ဦး၊ ဒုတိယနေ့တွင် စာတမ်းရှင်၁၄ ဦး စုစုပေါင်း စာတမ်းရှင် ၂၆ ဦးက စာတမ်းဖတ်ကြားခဲ့ပါသည်။

သုံးသပ်ဆွေးနွေးကြသည့် နယ်ပယ်လေးခုမှာ—

**(က) ပြတိုက်များ + ခရီးသွားလုပ်ငန်း (Museums + Tourism)**

ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းသည် ဆက်စပ်ညီညွတ်သည့် အရေးကြီးကဏ္ဍနှစ်ခုဖြစ်ရာ ကပ်ရောဂါအပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာမှုအတွင်း ပြတိုက်များသည် ယဉ်ကျေးမှုအခြေခံခရီးစဉ်အဖြစ် ပိုမိုအရေးပါလာကြပါသည်။ ပြတိုက်များကို ယဉ်ကျေးမှုအရင်းအမြစ်အဖြစ် မြှင့်တင်ကာ ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွားများအား ဆွဲဆောင်နိုင်ရန် ဒေသအလိုက် အထူးပြပွဲများပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ခရီးသွားလမ်းညွှန်သင်တန်းများနှင့် မူပိုင်မှတ်တမ်းများ တိုးတက်စေရန် ကြိုးပမ်းမှုများအပါအဝင် နည်းလမ်းမျိုးစုံတို့ ပါဝင်ပါသည်။ ထို့ပြင် ပြတိုက်များသည် သဘာဝနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများအပေါ် တာဝန်ယူမှုရှိပြီး ဧည့်သည်များအပေါ် ဝန်ဆောင်မှုပေးနိုင်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို ပံ့ပိုးနိုင်သော ယဉ်ကျေးမှုဇရိယာအဖြစ် အရေးပါလာပေသည်။

အထူးသဖြင့် ယနေ့ခေတ်တွင်ပြတိုက်များသည် တည်နေရာအကန့်အသတ်ကို ကျော်လွန်ကာ (Beyond geographical boundaries) ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေစေရန် နိုင်ငံတကာဆက်သွယ်ရေးတွင် အရေးပါသော Tourism Industry တစ်ခုအဖြစ် သတ်မှတ်နိုင်ပြီဖြစ်ပါသည်။ ပြတိုက်များသည် ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ယဉ်ကျေးမှုအခြေခံခရီးစဉ်အဖြစ် တိုးတက်လာကာ Over Tourism နှင့် Under Tourism ကို ထိထိရောက်ရောက် စီမံခန့်ခွဲရန် မဟာဗျူဟာများ ချမှတ်ရပေမည်။ Over Tourism နှင့် Under Tourism ဖြစ်စေနိုင်သည့် ဇရိယာများတွင် နည်းပညာကိုအသုံးပြု၍ visitor flow ကို ထိန်းညှိနိုင်ပါသည်။ ထို့ပြင် ပြတိုက်များသည် ခရီးသွားလုပ်ငန်းကို ယဉ်ကျေးမှုအခြေခံ နည်းလမ်းများဖြင့် မြှင့်တင်ခြင်းဖြင့် တိုင်းပြည်၏ အမျိုးသားစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ထင်ပေါ်လာပေသည်။

**(ခ) ပြတိုက်များ + နည်းပညာ (Museums + Technology)**

ပြတိုက်များသည် AI နှင့် ဒစ်ဂျစ်တယ်နည်းပညာအသစ်များ၏ အားသာချက်များဖြင့် စိတ်ဝင်စားဖွယ်အတွေ့အကြုံအသစ်များ၊ ပြသမှုအကြောင်းအရာများကို ပိုမိုတိကျပြတ်သားစွာ ဖန်တီးပေးနိုင်လာကြပြီဖြစ်သည်။ Virtual Reality (VR) နှင့် Interactive Display များက ပရိသတ်၏စိတ်ဝင်စားမှုကို မြှင့်တင်နိုင်သည့်အပြင် နက်နက်ရှိုင်းရှိုင်း သဘောတရားများကိုလည်း ပိုမိုနားလည်သဘောပေါက်စေနိုင်သည်။ Digitization စနစ်များသည် ပညာရေးနှင့် သုတေသနလုပ်ငန်းများအတွက် လွယ်ကူသက်သာစေသည့်အပြင် အနာဂတ်တွင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရေးအတွက်လည်း အရေးကြီးသောနည်းလမ်းတစ်ခုဖြစ်လာပါသည်။ ထို့ပြင် Visitor App များနှင့် Augmented Reality (AR) Guide များသည် ပြတိုက်တွင် ပြသပစ္စည်းများကို ချဲ့ထွင်တွေ့မြင်နိုင်သည့် အတွေ့အကြုံသစ်များကို ပေးစွမ်းပြီး ပရိသတ်နှင့် ပိုမိုနီးစပ်လာစေပါသည်။

နည်းပညာတိုးတက်မှုများကြောင့် ပြတိုက်များ၊ ပရိသတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အကြား ဆက်သွယ်မှုပုံစံများ ပြောင်းလဲလာပြီး ပြတိုက်များသည် မျှော်လင့်ထားသည်ထက် ကျော်လွန်သော စွမ်းရည်များကို ပြသနိုင်လာပြီဖြစ်ပါသည်။ ထိုနည်းပညာပံ့ပိုးမှုများသည် ပိုမိုစူးစမ်းဖွယ်ကောင်းပြီး ဧည့်ပရိသတ်များအတွက် စိတ်ဝင်စားစရာကောင်းသော အတွေ့အကြုံများကို ဖန်တီးပေးနိုင်သလို အလွှာစုံသင်ကြားမှုအခွင့်အလမ်းများကိုလည်း ပိုမိုတိုးမြှင့်နိုင်ပါသည်။ ထို့ပြင် နည်းပညာအသစ်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို လူ့အဖွဲ့အစည်းအတွင်း ပိုမိုလွယ်ကူစွာ ဝင်ရောက်ခွင့်ပေးနိုင်ပြီး ပရိသတ်နှင့် ပိုမိုသက်ဆိုင်လာစေရန်အတွက် အပြန်အလှန် တုံ့ပြန်မှုများဖြစ်လာစေခြင်းအားဖြင့်လည်း မြှင့်တင်နိုင်ပါသည်။

ထို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများမှ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို စူးစမ်းလေ့လာသင့်ပြီး ထိုအခွင့်အလမ်းများတွင် လူထုပါဝင်မှု၊ ယဉ်ကျေးမှုအနုပညာနားလည်မှု၊ ပညာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာကွာဝေးမှုများကို ချိတ်ဆက်နိုင်ပါသည်။ ထိုသို့ နည်းပညာတိုးတက်မှုများအပေါ် အခြေခံ၍ ပြတိုက်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်စေနိုင်ပါသည်။

**(ဂ) ပြတိုက်များ + ရေရှည်တည်တံ့မှု (Museums + Sustainability)**

ယနေ့ပြတိုက်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ် တာဝန်ယူမှုရှိသော နေရာများအဖြစ် ပြောင်းလဲလာကြပါသည်။ ယင်းတာဝန်ယူမှုအရ Eco-friendly practices များကိုအသုံးပြုကာ စွမ်းအင်သုံးစွဲမှုလျှော့ချခြင်း၊ စနစ်တကျ အညစ်အကြေးစွန့်စနစ်များတည်ဆောက်ခြင်း၊ Recycling လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ထို့ပြင် Green building design များကို အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုပါ ထောက်ပံ့လျက်ရှိပါသည်။

ပြတိုက်များသည် Community-based programs များအား တိုးမြှင့်ကာ ဒေသခံအသိုင်းအဝိုင်း၏ ပါဝင်မှုများကို အားပေးခြင်းအားဖြင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောစကြံတစ်ခုအဖြစ် ရပ်တည်လာသလို အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ရေရှည်တည်တံ့မှု ရည်ရွယ်ချက်ဖြင့် ထိန်းသိမ်းသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ပြတိုက်များသည် Sustainable Development Goals (SDGs) နှင့် ကိုက်ညီရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး သဘာဝနှင့် လူမှုရေးအပေါ် တာဝန်ယူမှုပြုသော လုပ်ဆောင်မှုများကို မည်သည့်ဧည့်ပရိသတ်မဆို စိတ်ဝင်စားစွာ ပါဝင်လာစေရန် ပညာပေးလမ်းညွှန်မှုများ ပြုလုပ်လျက်ရှိပါသည်။ နည်းပညာအသစ်များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ၏ ထိရောက်မှုကို မြှင့်တင်နိုင်ပြီး ပြပွဲများတွင် အသုံးပြုသည့်ပစ္စည်းများအတွက်လည်း ထပ်မံအသုံးပြုနိုင်သောဒီဇိုင်းများကို တီထွင်အသုံးပြုသင့်ပါသည်။ ထို့ပြင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သဘာဝနှင့် ညီညွတ်သောအရင်းအမြစ်များ အသုံးပြုခြင်း စသည့် Sustainable Strategies များကိုလည်း လုပ်ငန်းစဉ်များအတွင်းတွင် ထည့်သွင်းထားရပေမည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် လူမှုယဉ်ကျေးမှုစိန်ခေါ်မှုများ ပိုမိုများပြားလာသည့်အချိန်၌ ပြတိုက်များသည် မျှော်မှန်းထားသည့် ရိုးရာပြတိုက်လုပ်ငန်းစဉ်များအပေါ်တွင်သာမက လူမှုရေး၊ ယဉ်ကျေးမှုနှင့် ငွေကြေးပိုင်းဆိုင်ရာ ရေရှည်တည်တံ့မှုများ(Social, Cultural and Financial Sustainability) ကိုလည်း စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်ရပေမည်။

စာမျက်နှာ ၁၃ သို့ ❑

**❛ ပြတိုက်များသည် လူ့ဘောင်အတွင်း ကျန်းမာရေးမြှင့်တင်ရေးအတွက် ဆန်းသစ်သော ပူးပေါင်းပါဝင်မှုအခြေပြုအစီအစဉ်များဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ခံစားချက်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတိုးတက်ရေးအတွက် အထောက်အကူဖြစ်သောနေရာအဖြစ် တိုးတက်လာနေပါသည်။ ထို့ကြောင့် အနာဂတ်တွင် ပြတိုက်များသည် ပညာပေးသည့်အခန်းကဏ္ဍကို ကျော်လွန်၍ လူ့ဘောင်၏ ကျန်းမာရေးနှင့် သက်သောင့်သက်သာရှိမှု တိုးမြှင့်ပေးနိုင်သော အဖွဲ့အစည်းအဖြစ် တိုးတက်လာနိုင်မည် ❜**

# မြန်မာ-ဘယ်လာရုစ် တေးဂီတပူးပေါင်းဖျော်ဖြေပွဲ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

မြန်မာ-ဘယ်လာရုစ်တေးဂီတပူးပေါင်းဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ဖျော်ဖြေပွဲတွင် ဘယ်လာရုစ်တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva တို့က ဘယ်လာရုစ်နိုင်ငံ၏ ရိုးရာတေးသီချင်းများ၊ ကာလပေါ်သီချင်းများနှင့် မြန်မာနိုင်ငံအကြောင်း ရေးဖွဲ့စပ်ဆိုထားသည့် တေးသီချင်းများဖြင့် ဦးစွာ သီဆိုဖျော်ဖြေကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့်သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် MRTV မှ တာဝန်ရှိသူများ ကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံတွင် ရောက်ရှိစဉ် မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင် လှည့်လည်ဖျော်ဖြေကြမည်ဖြစ်ပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ အဆို၊ အကများ ပူးပေါင်းဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံတို့သည် အစိုးရချင်း ချစ်ခင်ရင်းနှီးမှုတည်ဆောက်ခြင်းအပြင် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် ယခုကဲ့သို့ ယဉ်ကျေးမှုအနုပညာပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခြင်းအစီအစဉ်ကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းတို့က ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ကျောဖုံးမှ**

ဈေးရောင်းပွဲတော်တွင် စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၆၂၀ ကျော်တွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှမွေးငါးများ၊ အိမ်မွေးတိရစ္ဆာန် တွားသွားသတ္တဝါများ၊ မြန်မာ့သနပ်ခါးများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အပြင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းများဖြင့် ဆီများကိုရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှု ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ် ဈေးရောင်းပွဲတော်တွင် Talk Show အစီအစဉ်၌ “MSME များအတွက် နည်းပညာဆိုင်ရာနှင့်ပံ့ပိုးမှုများ” ခေါင်းစဉ်ဖြင့်ဆွေးနွေးကြရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပွဲတော်လာပြည်သူများက စိတ်ဝင်တစားလာရောက် နားထောင်အားပေးလျက်ရှိသည်။

ဖျော်ဖြေရေး မဏ္ဍပ်၌လည်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာတို့၏ သီဆိုဖျော်ဖြေမှုများကြောင့် သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် သီချင်းတေးသွားများကို အတူတကွ ပျော်ရွှင်စွာနားဆင်ခံစားကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေသံလွင်မိသားစုတို့က လှူဒါန်းသည့် စတုဒိသာထမင်း၊ ဟင်းများကိုလည်း အားပါးတရ ပျော်ရွှင်စွာ သုံးဆောင်ကြသည်ကို တွေ့ရသည်။



ဈေးရောင်းပွဲတော်လာ ပြည်သူများအတွက် သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေး အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobille Toilet များ ထားရှိဆောင်ရွက်ပေးထားပြီး ပွဲတော်လာပြည်သူများ သွားရေး၊ လာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိသဖြင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများကို တွေ့ရသည်။

**ဇော်မင်းလတ်-MNA**

**❑ စာမျက်နှာ ၁၂ မှ**

ထို့ကြောင့် အနာဂတ်တွင် ပြတိုက်များအနေဖြင့် စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဆန်းသစ်သည့် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရန် အရေးကြီးပါသည်။

ဥပမာ - Sustainable Museum Practices

- Single-use plastics မသုံးဘဲ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ အသုံးပြုခြင်း၊
- LED မီးများ အသုံးပြုခြင်းဖြင့် စွမ်းအင်ချွေတာခြင်း၊
- ပြတိုက်အတွင်း အပူ၊ အအေး ထိန်းညှိမှုစနစ်တွင် စွမ်းအင်သက်သာသည့် နည်းပညာ အသုံးပြုခြင်း၊
- ပြသပစ္စည်းများအတွက် သဘာဝအရင်းအမြစ်ပစ္စည်းများ (ဥပမာ- သစ်သားထည်၊ ကျောက်) ကို အသုံးပြုခြင်း၊
- စာရွက်မဟုတ်သော digital labels အသုံးပြု၍ ပြသပစ္စည်းအကြောင်းအရာ ဖော်ပြခြင်း၊
- သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သတိပေးမှုများ မြှင့်တင်ခြင်းနှင့် စွမ်းအင်ထိရောက်မှုရှိသော နည်းလမ်းများကို ပေါင်းစပ်အသုံးပြုခြင်း။

**(ဃ) ပြတိုက်များ + စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး (Museums+ Wellness)**

ယနေ့ပြတိုက်များသည် ယဉ်ကျေးမှုအပေါ်အခြေခံ၍ တိုးတက်ပြောင်းလဲလာကာ ပညာရပ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတပေးသောနေရာအဖြစ်သာမက စိတ်ပိုင်းနှင့် ရုပ်ပိုင်းကျန်းမာရေးတိုးတက်ရေးအတွက်လည်း အရေးပါသော အဖွဲ့အစည်းများဖြစ်လာခဲ့ပါသည်။

ပြတိုက်များက စိတ်ဖိစီးမှုကိုလျှော့ချပေးနိုင်ခြင်း၊ တစ်ဦးချင်းသင်ယူမှု အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်းနှင့် ကိုယ်တိုင်ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေနိုင်သော အနုပညာနှင့် ယဉ်ကျေးမှုအတွေ့အကြုံများကိုပေးစွမ်းနိုင်ပါသည်။ ထို့ပြင် ပညာရေး၊ စိတ်ကျန်းမာရေးနှင့် ကိုယ်ကျန်းမာရေးကို ပံ့ပိုးပေးနိုင်သော နေရာများအဖြစ် ပြတိုက်များ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်းတိုးချဲ့လာပါသည်။

အထူးသဖြင့် စိတ်ဖိစီးမှုရှိသူများ၊ မတည်မြဲသော ခံယူချက်များရှိသူများအတွက် ကိုယ်တိုင်ယုံကြည်မှုတိုးမြှင့်နိုင်ရန်အတွက် ကျန်းမာရေးမြှင့်တင်ရေး အစီအစဉ်များကို ဖန်တီးပံ့ပိုးလျက်ရှိပါသည်။

ထိုအစီအစဉ်များတွင်—

- လူတိုင်းဝင်ရောက်နိုင်ရန် အခွင့်အလမ်းတိုးချဲ့သည့် Access Programs ၊
- စိတ်ပိုင်းနှင့် ရုပ်ပိုင်းကျန်းမာရေးတိုးတက်ရေးအတွက် ပြိုင်ပွဲများ၊ Therapeutic Activities နှင့် အပန်းဖြေအစီအစဉ်များ၊
- စိတ်ခံစားမှု၊ ခံယူချက်၊ စိတ်ခံစားမှုနှင့် ဆက်စပ်သည့် အတွေ့အကြုံပေးနိုင်သော Mindfulness-based Programs၊ Mindfulness Tours နှင့် Wellness Workshops
- Art Therapy Programs များဖြင့် ပရိသတ်များနှင့် ထိရောက်သော ဆက်ဆံရေးတည်ဆောက်ခြင်း၊

အထူးသဖြင့် စိတ်အေးချမ်းမှုရရှိစေနိုင်သော အတွေ့အကြုံ အခြေပြုအစီအစဉ်များ (Experience-based Programs တွင်ပါဝင်သည့် လုပ်ဆောင်ချက်များမှာ—

- စိတ်အပန်းဖြေစေနိုင်သည့် စိတ်ကျေနပ်ဖွယ်ခေတ်ပုံ၊ ပန်းချီပြခန်းများ ဖော်ပြခြင်း၊
- စိတ်ဖိစီးမှုလျှော့ချနိုင်သည့် တိတ်ဆိတ်သည့် ဧရိယာတစ်ခုဖန်တီးခြင်း၊
- ထိတွေ့ခံစားနိုင်သော (interactive) ပစ္စည်းများ အသုံးပြုနိုင်ရန် ဖန်တီးခြင်း၊
- အသံ၊ အနံ့နှင့် အလင်းရောင်တို့ဖြင့် စိတ်ဖြေလျှော့မှုကို ထောက်ပံ့ခြင်း။

ပြတိုက်များသည် လူ့ဘောင်အတွင်း ကျန်းမာရေး မြှင့်တင်ရေးအတွက် ဆန်းသစ်သော ပူးပေါင်းပါဝင်မှုအခြေပြု အစီအစဉ်များဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ခံစားချက်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတိုးတက်ရေးအတွက် အထောက်အကူဖြစ်သောနေရာအဖြစ် တိုးတက်လာနေပါသည်။ ထို့ကြောင့် အနာဂတ်တွင် ပြတိုက်များသည် ပညာပေးသည့်အခန်းကဏ္ဍကို ကျော်လွန်၍ လူ့ဘောင်၏ ကျန်းမာရေးနှင့် သက်သောင့်သက်သာရှိမှုတိုးမြှင့်ပေးနိုင်သော အဖွဲ့အစည်းအဖြစ် တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ပြတိုက်ဆိုင်ရာ ထိပ်သီးညီလာခံသည် ခေတ်မီပြတိုက်စီမံခန့်ခွဲမှုနည်းလမ်းများ၊ နိုင်ငံတကာအဆင့်ပြတိုက်ပညာရပ်များ၊ နည်းပညာအသစ်များနှင့် အတွေးအမြင်အသစ်များ၊ နိုင်ငံတကာပြတိုက်များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ပြတိုက်ပညာပေးရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးအခန်းကဏ္ဍများ၊ ပြတိုက်များ အပြန်အလှန်လေ့လာရေးနှင့် ပြပွဲဖလှယ်ရေးလမ်းကြောင်းအသစ်များကို ဖွင့်လှစ်ပေးသည့် အနာဂတ်ပြတိုက် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော Turning Point တစ်ခုဖြစ်ခဲ့ပါသည်။ ။



ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် TNLA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့များက အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား ယခုလ ၄ ရက်နေ့မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ယနေ့မှစတင်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် ကျောက်မဲမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ မြို့အဝင်နေရာနှင့် ပတ်ဝန်းကျင်နေရာများအား ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့၌ ပြည်သူ့ဆေးရုံ(ယာယီဆေးရုံ) ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ကျောက်မဲမြို့၌ အစိုးရအုပ်ချုပ်ရေး ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ မြို့ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလွှမ်းခြုံမှု ပြန်လည်ကောင်းမွန်စွာ ရရှိရေးအတွက် အားစိုက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၃ ရက်တွင် ကျောက်မဲမြို့သို့ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများရှိခဲ့သည့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၅၀)အား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေစဉ်တွင် ကျောက်မဲခရိုင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး(ယာယီဆေးရုံ)ကို အမှတ်(၂)ရပ်ကွက်ရှိလာဘမုနိ တရုတ်ဘုံကျောင်း၌ ယနေ့တွင် စတင်ဖွင့်လှစ်၍ ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ ထွန်းညွန့်ဦးနှင့် ဒေါက်တာ မျိုးအောင်(ဒု-ခရိုင် ကုသရေးဦးစီးဌာနမှူး) ဦးစီးသည့် ကျန်းမာရေးဝန်ထမ်း ခုနစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် လူနာအမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း လူနာ ၅၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယာယီဆေးရုံတွင် အရေးပေါ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်မည့် ရွှေ့လျားခွဲစိတ်ခန်း (Mobile Operation Theatre)များကို တည်ဆောက်ခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို အားဖြည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးရှိ ဇာတ်ရုံနှင့် စျေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေး စစ်ဆေး

**မကွေး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီး၏(၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဘုရားပွဲတော်ကျင်းပနေစဉ်ကာလအတွင်း ဇာတ်ရုံနှင့် စျေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မကွေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပွဲတော်ကော်မတီအဖွဲ့ဝင်များပူးပေါင်း၍ ကပြဖျော်ဖြေမည့် ဇာတ်ရုံနှင့်ဘုရားပွဲတော်တွင် ရောင်းချလျက်ရှိသော စျေးဆိုင်ခန်းများအား လျှပ်စစ်မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးသုံးစွဲမှုသတိရှိစေရေး၊ ရေရရှိရေးစစ်ဆေးခြင်း၊ ဇာတ်ရုံနှင့် စျေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးထားရှိစေရေးတို့ကို သတိပေးစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၉-၇-၂၀၂၅ ရက်နေ့မှအဆက်)


### တက္ကသိုလ်ပြည် ပုက္ကုသာတိမင်းနှင့် ဗိမ္ဗိသာရမင်းတို့အကြောင်း

မဇ္ဈိမဒေသ၏ အစွန်အဖျား တက္ကသိုလ်ပြည်၌ ပုက္ကုသာတိမင်းကြီး မင်းပြုနေသည်။ ထိုအချိန်၌ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်လေသည်။ ဤနှစ်ပြည်ထောင်တို့မှ ကုန်သည်များသည် ကုန်စည်ရောင်းဝယ်မှုကို လှည့်လည်ပြုကြသည်။ ယင်းကုန်သည်များမှတစ်ဆင့် သတင်းစကားများကြောင့် မင်းနှစ်ပါးသည် လူချင်း မမြင်ရသော်လည်း အလွန်ချစ်ခင်သောမိတ်ဆွေများ ဖြစ်လာကြသည်။

ပုက္ကုသာတိမင်းကြီးသည် အဖိုးထိုက်တန်သော ကမ္ဗလာရှစ်ထည်ကို ရရှိလေသည်။ ထိုအခါ သူသည် သူငယ်ချင်းမိတ်ဆွေမင်းဖြစ်သော ဗိမ္ဗိသာရမင်းထံသို့ ယင်းပစ္စည်းရှစ်ထည်ကို လက်ဆောင်အဖြစ်ပို့ရန် ကြံစည်စိတ်ကူးမိသည်။ ထို့ကြောင့် ၎င်းသည် စန္ဒကူးနံ့သာကြုတ် ရှစ်လုံးအသီးသီးတွင် ယင်းအထည်တစ်ထည်စီထည့်၍ ချိပ်ဖြင့် မွမ်းမံ အသုံးပြုပြီး သေတ္တာတို့တွင်ထည့်ကာ ၎င်းသေတ္တာတို့ကို ပိတ်ဖြူဖြင့် ရစ်ပတ်စေသည်။ ထိုရစ်ပတ်ပြီးသော သေတ္တာတို့၌ မင်းတံဆိပ်နှိပ်ပြီး ငါ့သူငယ်ချင်း ဗိမ္ဗိသာရမင်းထံသို့ပို့လော့။ ဤလက်ဆောင်ကို မှူးမတ်များအလယ်တွင် ဖွင့်ကြည့်ရန် မှာကြားလိုက်သည်။ ယင်းသို့ဖြင့် မှူးမတ်တို့ကို ဗိမ္ဗိသာရမင်းထံသို့ ပို့စေသည်။

ပုက္ကုသာတိမင်း၏ မှာကြားချက်အတိုင်း ဗိမ္ဗိသာရမင်းထံသို့ လက်ဆောင်များပို့ပြီးနောက် မင်းကြီးမှာသည့်အတိုင်း လျှောက်ထားခဲ့လေသည်။ ဗိမ္ဗိသာရမင်းကြီးလည်း ယင်းလက်ဆောင်ပစ္စည်းများကို သူငယ်ချင်းမှာသည့်အတိုင်း မှူးမတ်များအလယ်တွင် ဖွင့်လေသည်။ အနံ ရှစ်တောင်၊ အလျားဆယ်တောင်ရှိသော ကမ္ဗလာကို တွေ့မြင်ရလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် အံ့သြစွာဝမ်းမြောက်ဝမ်းသာဖြစ်လေသည်။ ထိုလက်ဆောင် ကမ္ဗလာရှစ်ထည်အနက် လေးထည်ကို ဘုရားရှင်ထံသို့ လှူဒါန်း၍ ကျန်လေးထည်ကိုသာ သုံးဆောင်လေသည်။

ဗိမ္ဗိသာရမင်းကြီးသည် သူ့သူငယ်ချင်း မင်းကြီးပို့သော လက်ဆောင်ပစ္စည်းထက်သာသော ပစ္စည်းလက်ဆောင် ပို့ဆောင်ရန်ကြံသည်။ သူ၏ မှူးမတ်တို့အား "ဤတက္ကသိုလ်ပြည်၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ ဖူးမြော်ကြပါ၏လော" ဟု မေးသည်။ ၎င်းတို့ကလည်း "ဤတက္ကသိုလ်ပြည်၌ ရတနာသုံးပါး အသံမျှပင် မကြားဖူးသေးပါ။ မရှိသေးကြောင်း လျှောက်ထားကြလေသည်။ ထိုအခါ၌ မင်းကြီးသည် ထိုအရပ်၌ မရှိသေးသော ရတနာကိုပို့စေမည်ဟုကြံသည်။ သူ့အနေဖြင့် ဘုရား (သို့မဟုတ်) အရှင်သာရိပုတ္တရာတို့အားပင့်ဆောင်၍ ပစ္စန္တရစ်အရပ်သို့ မပို့သင့်ချေ။ ဘုရားနှင့် ရဟန်းသံဃာများ ကြွရောက်သကဲ့သို့ ဖြစ်အောင် သဝဏ်လွှာပို့ပေးအံ့ဟု ကြံလေသည်။



ယင်းသို့ဖြင့် မင်းကြီးသည် နံနက်စောစောထ ရှစ်ပါးသီလဆောက်တည်၍ ပြာသာဒ်အထက်သို့ တက်ကာ အောက်ပါအတိုင်း သံသရာဝဋ္ဋဒုက္ခမှ ကေန်လွတ်မြောက်နိုင်သည့် တိုက်တွန်းစကားတို့ဖြင့် ရွှေပြားပေါ်တွင် ရေးသားစေသည်။

(၁) ရှေးဦးစွာ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၊ ဘုရားရှင်၏ အတ္ထုပ္ပတ္တိ၊ ဗုဒ္ဓရတနာကို ချီးမြှောက်ထားသော ဂါထာ။
(၂) ဘုရားရှင် ဟောကြားအပ်သော တရားဂုဏ်တော်ခြောက်ပါး၊ ၎င်းတရားတော်၏ အနှစ်သာရဖြစ်သည့် ဗောဓိပက္ခိယတရား (၃၂) ပါး၊ တရားရတနာ ချီးမွမ်းသောဂါထာ။
(၃) ဘုရားရှင်၏ တပည့်အရိယာသံဃာတော်၏ အခြေခံဂုဏ်တော်လေးပါးနှင့် အကျိုးဂုဏ်ကျေးဇူးငါးပါး။
(၄) မင်း၊ ပုဏ္ဏား၊ သူဌေးတို့၏ စည်းစိမ်ကို စွန့်လွှတ်ပြီး ဘုရားရှင်ထံ၌ ရဟန်းပြုကြပုံနှင့် တရားကျင့်ကြံ အားထုတ်ပုံ၊ သံဃာရတနာကို ချီးမွမ်းသောဂါထာ။
(၅) နောက်ဆုံးအနေဖြင့် ဘုရားရှင်၏ သုံးပါးသောသိက္ခာ၊ သာသနာတော်သည် အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံ၍ သံသရာဝဋ္ဋဆင်းရဲမှ အမှန်တကယ် လွတ်ကင်းနိုင်စေသဖြင့် တောထွက်ရဟန်းပြုစေချင်ပါသည်။

စသည်တို့ကို ရွှေပြားပေါ်၌ ရေးသားပြီး ရွှေပြားကို လိပ်၍ အလွန်နူးညံ့သော ကမ္ဗလာဖြင့် ရစ်ပတ်ပြီး ကြုတ်ခုနစ်ခုတွင် ထည့်ပြီးနောက် ဆင်စွယ်ကြုတ်ထဲသို့ ထည့်လေသည်။ ၎င်းကို နံ့သာသေတ္တာထဲသို့ အဆင့်ဆင့်ထည့်ပြီး မင်းတံဆိပ်နှိပ်လေသည်။ ထိုလက်ဆောင်သေတ္တာတို့ကို တန်ဆာဆင်ထားသော ဆင်များပေါ်တင်၍ မှူးမတ်တို့ဖြင့် ပုက္ကုသာတိမင်းထံသို့ ပို့လေသည်။ သဝဏ်လွှာကိုပါ တစ်ပါးတည်း ထည့်ပေးလိုက်သည်။

ပုက္ကုသာတိမင်းသည် ဗိမ္ဗိသာရမင်းကြီး ပို့လိုက်သော လက်ဆောင်တို့ကို ကြိုဆိုလက်ခံပြီး သဝဏ်လွှာမှာပါသည့်အတိုင်း ပြာသာဒ်အထက်သို့ တက်၍ တစ်ပါးတည်း ဖွင့်ကြည့်လေသည်။ ထို့နောက် ဖွင့်ကြည့်ပြီးသောအခါ ပုက္ကုသာတိမင်းသည် ရတနာသုံးပါးကို ကြည်ညိုလေးစား သဒ္ဓါကြည်နူးဝမ်းမြောက်လျက်ရှိလေသည်။ စိတ်မှာ အထူးကြည်လင်သွားလေသည်။

မင်းကြီးသည် ရွှေပေလွှာ၏ နောက်ဆုံး၌ပါသော အာနာပါနနုဿတိ ကမ္မဋ္ဌာန်းကို ဖတ်ရှုစီးဖြန်းသော် ရူပါဝစရဈာန်တို့ကို ရရှိသောကြောင့် ဈာန်ချမ်းသာဖြင့် ၁၅ ရက်ခန့် အချိန်ကုန်စေ၏။ ထိုအခါ မှူးမတ်ပြည်သူတို့သည် မင်းကြီး ဘာများလုပ်နေသလဲ စသည်ဖြင့် အော်ဟစ်ကြကုန်သည်။ မင်းကြီးသည် သန်လျက်ဖြင့် သူ၏ခေါင်းမှ ဆံပင်များကိုဖြတ်၍ ပြာသာဒ်ပေါ်မှ ပရိသတ်အပေါ်သို့ပစ်ချ၍ "ငါ၏ဆံပင်ကိုယူ၍ မင်းပြုစေကုန်လော့"ဟု ဆိုလေသည်။

ပရိသတ်အပေါင်းလည်း ငိုကြွေးကြကုန်၏။ မင်းကြီးသည် သူ၏မုတ်ဆိတ်တို့ကိုရိတ်လျက် ဈေးမှ ဖန်ရည်ဆိုးအဝတ်ကို ဝယ်သည်။ ထို့နောက် မြေသပိတ်ကိုဝယ်ပြီး ဘုရားရှင်အားရည်မှန်း၍ ကိုယ်တော်တိုင် ရဟန်းပြုလေသည်။

မင်းကြီးသည် သပိတ်ကိုလွယ် တောင်ဝှေးကို စွဲကိုင်လျက် နန်းပြာသာဒ်ပေါ်မှ မည်သူ့ကိုမျှ အသိမပေးဘဲ တစ်ဦးတည်းဆင်းသွားလေသည်။ နောက်မှ မှူးမတ်ဗိုလ်ပါ ပြည်သူများက သိ၍လိုက်ကြသော် မင်းကြီးသည် စည်းတား၍ "ဤစည်းကို ကျော်လျှင် မင်းအာဏာပြုပေအံ့" ဟူ၍ ပြော၍ သူ့နောက်မလိုက်ရန်တားလေသည်။ ထိုမှဆက်၍ သွားလေသည်။

မင်းကြီးသည် ဖိနပ်မစီး၊ ထီးမပါဘဲ ဘုရားရှင်ထံသို့ရည်မှန်းပြီး မဇ္ဈိမဒေသသို့သွားမည့် လှည်းကုန်သည်များနောက်သို့ လိုက်ပါသွားလေသည်။ ခရီးတစ်လျှောက်လုံး၌ အကောင်း၊ အညံ့ ရသမျှဆွမ်းတို့ဖြင့်ဘုဉ်းပေးပြီး ရပ်နားသည့် နေရာတိုင်းလည်း အာနာပါနစတုတ္ထဈာန်ကို ဝင်စား၍ ဈာန်ချမ်းသာဖြင့် နေလေသည်။ ဤသို့သွားလာခဲ့ရာ ယူဇနာတစ်ရာကိုးဆယ့်နှစ်ဝေးသော သာဝတ္ထိပြည်သို့ ရောက်လေသည်။

ဇေတဝန်ကျောင်းအနီးသို့ ရောက်သော်လည်း မင်းကြီးသည် လှည်းသမားများအား ဘုရားရှင် ဘယ်နေရာတွင် ရှိသလဲမမေးဘဲ ဗိမ္ဗိသာရမင်းကြီး၏ သဝဏ်လွှာအရ ဘုရားရှင် ဝေဠုဝန်ကျောင်း၌ရှိမည် အထင်နှင့်သာ သာဝတ္ထိပြည်သို့ ယူဇနာလေးငါးရာဝေးသည့် ရာဇဂြိုဟ်ပြည်သို့ ဆက်သွားလေသည်။ နေဝင်ချိန်၌ ရာဇဂြိုဟ်ပြည်သို့ မင်းကြီးရောက်သွားလေသည်။

ထိုအခါ ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူကြောင်း မေးမြန်းသိရှိရသောကြောင့် မနက်ဖြန်မှ ဘုရားရှင်ထံသို့ ဆက်သွားအံ့ဟူ၍ကြံလျက် မင်းကြီးသည် ရာဇဂြိုဟ်ပြည်တွင် ရသေ့၊ ရဟန်းများ တန်ခိုးရာ အိုးထိန်းသည်၏ တဲ၌ တစ်ညတာတည်းခိုလေသည်။

### ပုက္ကုသာတိမင်းကြီး အနာဂါမ်ဖြစ်ခြင်း

ဘုရားရှင်သည် နောက်တစ်နေ့ မိုးသောက်ယံ၌ သတ္တလောကကြီးကိုကြည့်၍ ချွေချွတ်ရမည့်သူကို ကြည့်သော် ပုက္ကုသာတိမင်းကို မြင်လေသည်။ ဤမင်းသည် ငါဘုရားကိုမမြင်ရဘဲ ရည်စူးပြီး ရဟန်းပြုသည် ယူဇနာတစ်ရာကျယ်သော တက္ကသိုလ်ပြည်ကိုစွန့်၍ သာဝတ္ထိပြည်ကိုလွန်ကာ ရာဇဂြိုဟ်ပြည်သို့ ရောက်ရှာလိမ့်မည်။ ငါဘုရားမသွားလျှင် ၎င်းသည် အောက်မဂ်သုံးပါးကိုရ၍ တစ်ညတာနေပြီး ခိုကိုးရာမဲ့၍ သေခြင်းသို့ ရောက်ပေလိမ့်မည်။ "ငါ ဘုရားသွား၍ ထိုသူအား ချီးမြှောက်ပေအံ့"ဟု ကြံတော်မူ၏။

သို့ဖြစ်၍ ဘုရားရှင်သည် နံနက်ဆွမ်းကိစ္စပြီးသောအခါ တစ်ခဏမျှအပန်းဖြေပြီး ပုက္ကုသာတိထံသို့ သွားလေသည်။ သူသည် ငါဘုရားထံသို့ ဖိနပ်မစီး၊ ထီးမပါဘဲ လာခဲ့သည်။ ငါသည်လည်း ဘုရားအသွင်ဖြင့်မသွားဘဲ ရဟန်းတစ်ပါးအသွင်ဖြင့် ခြေကျင်သွားမှ သင့်တော်ပေမည်ဟု ဆုံးဖြတ်၍ ကြွတော်မူလေသည်။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ရောက်သော် နေဝင်ချိန်ဖြစ်သောကြောင့် ထိုတဲကုပ်အတွင်းသို့ ဝင်ကာ ပုက္ကုသာတိထံ တစ်ညတာတောင်းခံပြီး မြက်ခင်းကို အခင်းပြု၍ထိုင်လျက် စတုတ္ထဈာန်သမာပတ်ကို ဝင်စား၍နေလေသည်။ ပုက္ကုသာတိကလည်း အာနာပါန စတုတ္ထဈာန်ကိုသာ ဝင်စား၍ နေလေသည်။

သန်းခေါင်ယံကျော်၍ ဘုရားရှင်သည် ဖလသမာပတ်မှထ၍ မလှုပ်မယှက် ဈာန်ဝင်စားနေသော ပုက္ကုသာတိကိုမြင်လျှင် ဘုရားရှင်က "ရဟန်း သင်သည် အဘယ်သို့သောရည်မှန်း၍ ရဟန်းပြုခဲ့ပါသလော"ဟု စကားစ၍ မိန့်တော်မူလေသည်။ ပုက္ကုသာတိကလည်း ဘုရားရှင်ကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားလေသည်။ ဘုရားရှင်က "ဘုရားရှင်သည် ဘယ်အရပ်မှာသီတင်းသုံးသလဲ၊ ထိုဘုရားရှင်ကို မြင်ဖူးသလော၊ မြင်လျှင်ကော ဘုရားရှင်မှန်း သိပါမလား"ဟူ၍ မေးသည်။ ပုက္ကုသာတိသည် "ငါ့ရှင်ဘုရားရှင်သည် သာဝတ္ထိ၌ သီတင်းသုံးသည်။ ထိုဘုရားရှင်ကို မမြင်ဖူးပါ။ မြင်လည်း သိမည် မဟုတ်ပါ"ဟု ပြန်လျှောက်လေသည်။

ဘုရားရှင်က "ရဟန်း သင့်အား ငါတရားဟောအံ့။ ယင်းတရားကို ကောင်းစွာနာလော့" မိန့်တော်မူပြီး (ပုက္ကုသာတိမှ ဘုရားရှင်မှန်း မသိသောအချိန်မှာပင်) "ရဟန်း ဤပုဂ္ဂိုလ်သည် ဓာတ်ခြောက်ပါးရှိ၏။ ဖဿာယတနခြောက်ပါးရှိ၏။ စိတ်အကြံအစည် သုံးသပ်ခြင်းဖြင့် တစ်ဆယ့်ရှစ်ပါးရှိ၏။ တည်ရာလေးပါးရှိသည်။ ယင်းတည်ရာလေးပါးတို့၌ တည်သော ပုဂ္ဂိုလ်သတ္တဝါအား ငါဟူ၍ မာနထောင်လွှားမှု ရေအယာဉ်တို့ စီးဆင်းမှုမရှိသော သူကို ကိလေသာခပ်သိမ်း ငြိမ်းစေသော ရဟန်း"ဟု ဆိုအပ်၏။ ဝိပဿနာတရားကို မမေ့ရာ၊ ဝစီသစ္စာကို စောင့်ရာ၏။ ကိလေသာကို စွန့်ရန်ပွားများ အားထုတ်ရ၏။

(ဆက်လက်ဖော်ပြပါမည်)

**"ဘုရားရှင်သည် နောက်တစ်နေ့မိုးသောက်ယံ၌ သတ္တလောကကြီးကိုကြည့်၍ ချွေချွတ်ရမည့်သူကိုကြည့်သော် ပုက္ကုသာတိမင်းကို မြင်လေသည်။ ဤမင်းသည် ငါဘုရားကိုမမြင်ရဘဲ ရည်စူးပြီး ရဟန်းပြုသည်။ ယူဇနာတစ်ရာကျယ်သော တက္ကသိုလ်ပြည်ကိုစွန့်၍ သာဝတ္ထိပြည်ကိုလွန်ကာ ရာဇဂြိုဟ်ပြည်သို့ ရောက်ရှာလိမ့်မည်။ ငါဘုရားမသွားလျှင် ၎င်းသည် အောက်မဂ်သုံးပါးကိုရ၍ တစ်ညတာ နေပြီး ခိုကိုးရာမဲ့၍ သေခြင်းသို့ ရောက်ပေလိမ့်မည်။ "ငါဘုရားသွား၍ ထိုသူအား ချီးမြှောက်ပေအံ့"ဟု ကြံတော်မူ"**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အောက်တိုဘာ ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်

**ဝါရှင်တန် အောက်တိုဘာ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုလ နှောင်းပိုင်းတွင် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ရန် စီစဉ်နေကြောင်း ဂျပန်နှင့် အမေရိကန် သတင်းရင်းမြစ်များက ယနေ့ ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထိပ်သီး အစည်းအဝေးသို့ မတက်ရောက်မီ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။


အောက်တိုဘာ ၂၇ ရက်မှစတင်၍ ဂျပန်နိုင်ငံသို့ သုံးရက်ကြာ သွားရောက်လည်ပတ်မည့် ဒေါ်နယ်ထရမ့်၏အစီအစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

သမ္မတ ထရမ့်က ဂျပန်ဝန်ကြီးချုပ် အီရှီဘာ နေရာတွင် ဆက်ခံမည့် ဝန်ကြီးချုပ်သစ်နှင့် နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

အောက်တိုဘာ ၂၈ ရက်တွင် တိုကျိုမြို့တော်အနီး ယိုကိုဆူကာမြို့ရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းအား သမ္မတ ထရမ့်က လာရောက်စစ်ဆေးမည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။

ထရမ့်က ၎င်း၏ပထမသက်တမ်းအတွင်း ၂၀၁၉ ခုနှစ် မေလတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ရေတပ်အခြေစိုက်စခန်းသို့လည်း သွားရောက်ခဲ့ပြီး ထိုနေရာတွင် ကျောက်ချရပ်နားထားသည့် ကုန်းရေနှစ်သွယ် ချေမှုန်းရေးသင်္ဘောပေါ်တွင် မိန့်ခွန်းပြောခဲ့သည်။

အမေရိကန်ရေတပ်အခြေစိုက်စခန်းကို သွားရောက်စစ်ဆေးခြင်းဖြင့် ဂျပန်-အမေရိကန် မဟာမိတ်၏ အရေးပါမှုကို အလေးပေးဖော်ပြရာရောက်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားသည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ အီဂျစ်နိုင်ငံ၌ အောက်တိုဘာ ၆ ရက်တွင် တွေ့ဆုံမည်

**ကိုင်ရို အောက်တိုဘာ ၅**

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့က ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ဂါဇာကမ်းမြောင်ဒေသတွင် စစ်ရေးဆုတ်ခွာမှုဆိုင်ရာ ခြေလှမ်းများ ဆွေးနွေးရန် အီဂျစ်နိုင်ငံ၌ အောက်တိုဘာ ၆ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားသည်။

အီဂျစ်နိုင်ငံက ပဋိပက္ခတွင် စေ့စပ်ညှိနှိုင်းပေးသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

အမေရိကန်၏ ငြိမ်းချမ်းရေးအစီအစဉ်အရ အစ္စရေးက ပါလက်စတိုင်း အကျဉ်းသားများကို လွှတ်ပေးရေးနှင့်တခြားကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံက ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြီးခဲ့တဲ့လက အဆိုပြုသည့်အချက် ၂၀ ပါငြိမ်းချမ်းရေးအစီအစဉ်တွင် အစ္စရေးဓားစာခံအားလုံးကို ပြန်လွှတ်ပေးရန် ဟားမတ်စ်အဖွဲ့က အောက်တိုဘာ ၃ ရက်က သဘောတူခဲ့ပြီးနောက် ယခုဆွေးနွေးမည့် အစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လာမည့်ရက်များအတွင်း ဓားစာခံများ အားလုံးကို ပြန်လွှတ်ပေးရန် မျှော်လင့်ကြောင်း အောက်တိုဘာ ၄ ရက် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထို့ပြင် အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ဒေသတွင် ထိန်းချုပ်ထားသည့် နယ်မြေများ၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒုတိယအဆင့်အနေဖြင့် ဟားမတ်စ်အဖွဲ့ကို လက်နက်ဖြုတ်သိမ်းပြီး ဂါဇာကမ်းမြောင်ဒေသကို စစ်မဲ့ဇုန်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ သို့သော် ဟားမတ်စ်အဖွဲ့က လက်နက်ဖျက်သိမ်းရေး အစီအစဉ်နှင့်ပတ်သက်ပြီး မည်သည့် တုံ့ပြန်ပြောကြားခြင်းမျှ မရှိသေးကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသမှ ကနဦး ဆုတ်ခွာရေး အစီအစဉ်ကို အစ္စရေးက သဘောတူကြောင်း ထရမ့်က ယမန်နေ့တွင် လူမှုမီဒီယာ၌ ရေးသားခဲ့သည်။

အစ္စရေးက ဖျန်ဖြေပေးသည့်နိုင်ငံများကို ဆုတ်ခွာမည့်နယ်မြေများနှင့်ပတ်သက်ပြီး မြေပုံများနှင့်အတူ တင်ပြမည်ဖြစ်ကြောင်း အာရပ်မီဒီယာများက သတင်းဖော်ပြသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# နီပေါနိုင်ငံတွင် သဘာဝဘေးကြောင့် သေဆုံးသူ ၄၃ဦးရှိလာ

**ခတ္တမန္ဒူ အောက်တိုဘာ ၅**

နီပေါနိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း မုတ်သုံမိုး သည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအပါအဝင် သဘာဝဘေးများ ဖြစ်ပွားခဲ့ရာ ဒေသခံ ၄၃ ဦး သေဆုံးကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က အောက်တိုဘာ ၅ရက်တွင် ပြောကြားသည်။

မြေပြိုမှုဖြစ်စဉ်တွင် ၃၈ဦး၊ မိုးကြိုးပစ်ရာတွင် သုံးဦးနှင့် ရေကြီးရေလျှံမှုအတွင်း နှစ်ဦး သေဆုံးကြောင်း ၎င်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

သဘာဝဘေးဖြစ်ပွားမှုကြောင့် ငါးဦးပျောက်ဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအရှေ့ပိုင်း အိုင်လန်ခရိုင်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ၃၇ဦးသေဆုံးခဲ့ပြီး လက်ရှိအချိန်တွင် ဒေသအတွင်းရှိနေရာ ၂၈နေရာတွင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း နီပေါတပ်မတော်က ပြောကြားသည်။ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားနေပြီး အဝေးပြေးလမ်းမများတွင် သွားလာရေး ခက်ခဲနေကြောင်း သိရသည်။ ခတ္တမန္ဒူတောင်ကြားလမ်းရှိ ယာဉ်အသွားအလာများကို အောက်တိုဘာ ၄ ရက်မှ စတင်ရပ်တန့်ထားကြောင်းနှင့် အောက်တိုဘာ ၅ရက်တွင် ထရီဘူဗန် နိုင်ငံတကာလေဆိပ်ရှိ လေယာဉ်ခရီးစဉ်များကို ပြန်လည်ပြေးဆွဲခဲ့ကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ အိုဂါဆာဝါရာကျွန်းများအနီး၌ အပူပိုင်းမုန်တိုင်း ဟာလောင် ချဉ်းကပ်ဝင်ရောက်

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ အိုဂါဆာဝါရာကျွန်းများအနီး၌ အပူပိုင်းမုန်တိုင်း ဟာလောင် ချဉ်းကပ်ဝင်ရောက်လာသည့်အတွက် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ယနေ့ပြောကြားသည်။

လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လှိုင်းကြီးခြင်းနှင့် ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့အတွက် ပြည်သူများအား သတိပြုနေထိုင်ရန် မိုးလေဝသတာဝန်ရှိသူများက တိုက်တွန်းပြောကြားသည်။

ဟာလောင် အပူပိုင်းမုန်တိုင်းသည် အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် ချီချီဂျီမာ ကျွန်း၏ တောင်ဘက် ကီလိုမီတာ ၂၆၀ အကွာ ရေပြင်ပေါ်မှ အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားသွားလျက်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

၎င်း၏ဗဟိုချက်အနီးတစ်ဝိုက်တွင် တစ်နာရီလျှင် လေတိုက်နှုန်း ၆၄ ဒသမ ၈ ကီလိုမီတာမှ ၉၀ ကီလိုမီတာနှုန်းအကြား တိုက်ခတ်လျက်ရှိသည်။

အိုဂါဆာဝါရာကျွန်းများတွင် အောက်တိုဘာ ၆ ရက်အထိ မိုးသက်လေပြင်းများ ကျရောက်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက ခန့်မှန်းပြောကြားသည်။ ပင်လယ်ရေလှိုင်းကြီးမှုအခြေအနေများလည်း ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း သိရသည်။

ဟာလောင် အပူပိုင်းမုန်တိုင်း ဝင်ရောက်ဖြတ်သန်းတိုက်ခတ်မည့်လမ်းကြောင်းကို အတိအကျ ပြောကြားခြင်းမရှိသေးသော်လည်း ဂျပန်နိုင်ငံ၏အနောက်ဘက်သို့ ရွေ့လျားမည်ဟု မျှော်လင့်ရကြောင်း မိုးလေဝသ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံတွင် ဝက်ဝံတိုက်ခိုက်မှုများ မြင့်တက်လာ

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံတွင် ဒေသခံများအား ဝက်ဝံများ၏ တိုက်ခိုက်မှု မြင့်တက်လာကြောင်း သိရသည်။ မိယာဂီစီရင်စု ကူရီဟာရာမြို့ရှိ တောင်တန်းဒေသတွင် အောက်တိုဘာ ၃ရက်က အသက် (၇၀)အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် ဝက်ဝံတိုက်ခိုက်ခံရသဖြင့် သေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါအမျိုးသမီးသည် ဒေသခံသုံးဦးနှင့်အတူ မှိုခူးဆွတ်နေစဉ် ဝက်ဝံတိုက်ခိုက်ခံရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံမုဆိုးများက အခင်းဖြစ်နေရာတွင် ဝက်ဝံဖမ်းဆီးရန် ထောင်ချောက်ဆင်ခဲ့သည်။ ဟော်ကိုင်းဒိုးစီရင်စုရှိ အိုတာရူမြို့တွင် မုဆိုးနှစ်ဦးသည် ဝက်ဝံ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ဂျီဖူစီရင်စု ရှိ ရှီရာကာဝါရွာတွင်လည်း လမ်းလျှောက်လာသည့် အသက် (၄၀)အရွယ် စပိန်နိုင်ငံသားတစ်ဦးအား ဝက်ဝံတစ်ကောင်က တိုက်ခိုက်ခဲ့သည်။ ၎င်းအမျိုးသားသည် ဘတ်စ်ကားမှတ်တိုင်အနီးတွင် အခြားစပိန်နိုင်ငံသားတစ်ဦးနှင့် လမ်းလျှောက်နေစဉ် ဝက်ဝံက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဒေသခံများအား ဝက်ဝံတိုက်ခိုက်ခြင်းမှ ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# တရုတ်နိုင်ငံ၏ အောင်မြင်နေသည့် ခရီးသွားလုပ်ငန်း

**စိုးသူရ**

တရုတ်နိုင်ငံသည် လှပသည့်ရေမြေတောတောင်သဘာဝများရှိပြီး အပန်းဖြေစရာနေရာဒေသများရှိသည့်အတွက် ကမ္ဘာလှည့်ခရီးသွားများကြားတွင် သွားရောက်မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ နိုင်ငံအတွင်းအပန်းဖြေနေရာများအား စနစ်တကျစီမံခန့်ခွဲခြင်းနှင့် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းတွင် အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် ကမ္ဘာလှည့်ခရီးသွားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးသည့် မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံအတွင်းသို့ ခရီးသွားဝင်ရောက်မှုများပြားလာခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေ အများအပြားရရှိခဲ့သည်။ ယခုနှစ် စက်တင်ဘာ ၁၅ ရက်မှစတင်၍ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ရုရှားနိုင်ငံသားများအား တရုတ်နိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပေးခဲ့ခြင်းကြောင့် တရုတ်နိုင်ငံသို့ ရုရှားခရီးသွားများလည်ပတ်ရန် စီစဉ်ဆောင်ရွက်ခြင်းများ များပြားလာသည်။



**ပေကျင်းမှလည်ပတ်စရာနေရာများ**

မြို့တော် ပေကျင်းတွင် သွားရောက်လည်ပတ်စရာနေရာများအဖြစ် မေ့ပျောက်ခံရသည့် မြို့တော်ဟုအမည်ရသည့် ဘုရင့်နန်းတော်၊ တီယန်မင်ရင်ပြင်၊ ပေကျင်းငှက်သိုက် အားကစားရုံ၊ မဟာတံတိုင်း၊ နွေရာသီနန်းတော်အပါအဝင် နေရာများစွာရှိသည်။ ဘုရင့် နန်းတော်အား မင်မင်းဆက်နှင့် ကွမ်မင်းဆက် အုပ်ချုပ်သည့် အချိန် ၁၃၆၈ မှ ၁၉၁၁ အတွင်း တော်ဝင်နန်းတော်အဖြစ်အသုံးပြုခဲ့ကာ နန်းတော်အတွင်း ယဉ်ကျေးမှုလက်ရာများကို ထိန်းသိမ်းထားရှိသည်။

ပေကျင်းမြို့ရှိ အခြားလည်ပတ်စရာနေရာတစ်ခုမှာ တီယန်မင်ရင်ပြင်ဖြစ်သည်။ ယင်းရင်ပြင်တွင် တီယန်မင်မျှော်စင်၊ နိုင်ငံ့သူရဲကောင်းများအထိမ်းအမှတ်နေရာ၊ တရုတ်ပြည်သူ့ခန်းမဆောင်၊ မော်စီတုန်းအထိမ်းအမှတ်ခန်းမနှင့် တရုတ်အမျိုးသားပြတိုက်တို့ဖြင့် ဖွဲ့စည်းထားပြီးနှစ်စဉ် ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်မှုအများဆုံးနေရာဖြစ်သည်။

နောက်ထပ်လည်ပတ်ရမည့် နေရာတစ်ခုမှာ နွေရာသီနန်းတော်ဖြစ်သည်။ နွေရာသီနန်းတော်အား တရုတ်ဧကရာဇ်များနှင့် မိသားစုဝင်များအပန်းဖြေရာတော်ဝင်ဥယျာဉ်အဖြစ် အသုံးပြုသည်။ တရုတ်နိုင်ငံ ပေကျင်းရှိ မဟာတံတိုင်းသည်လည်း ကမ္ဘာလှည့် ခရီးသွားများလည်ပတ်ရာနေရာတစ်ခုဖြစ်သည်။

၁၆ ရာစု အစောပိုင်းက တည်ဆောက်ခဲ့သည့် မဟာတံတိုင်းသည် ကျူးကျော်သူများ၏ရန်မှ ကာကွယ်ရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မဟာတံတိုင်းသည် တရုတ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ဖော်ပြနေကာ နှစ်စဉ်လာရောက်လည်ပတ်သူ သန်းနှင့်ချီ၍ရှိသည်။ တရုတ်နိုင်ငံ ပေကျင်းမြို့မှ အခြားစိတ်ဝင်စားဖွယ်အစီအစဉ်မှာ စက်ဘီးများကို လူသွားလမ်းဘေးတွင်ထားရှိပြီး စီးနင်းလိုသူက အက်ပလီကေးရှင်းမှ ချိတ်ဆက်၍သော့ဖွင့်ပြီး စီးနိုင်ခြင်းဖြစ်သည်။ ထိုအစီအစဉ်သည် စက်ဘီးဖြင့် လည်ပတ်လိုသူခရီးသွားများအတွက် မြို့အနှံ့သို့ စက်ဘီးစီးကာ လည်ပတ်နိုင်မည့် အခွင့်အရေးကိုရရှိစေသည်။

ခရီးသွားများ လာရောက်မှုများပြားသည့် အခြားနေရာတစ်ခုမှာ ရှန်ဟိုင်းမြို့ဖြစ်သည်။ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သည် ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအတွင်း နိုင်ငံတကာခရီးသွား ၄ ဒသမ ၁ သန်းကို ဆွဲဆောင်နိုင်ခဲ့သည်။ ရှန်ဟိုင်းသည် တရုတ်ရိုးရာယဉ်ကျေးမှုနှင့် အနောက်တိုင်းယဉ်ကျေးမှုများ ပေါင်းဆုံရာနေရာတစ်ခုအဖြစ် ခရီးသွားများ လာရောက်မှုအများဆုံးနေရာဖြစ်သည်။ အများဆုံးလာရောက်လည်ပတ်သူများမှာ တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားများဖြစ်သည်။ ရှန်ဟိုင်းတွင် ခရီးသွားလုပ်ငန်းများက ခရီးသွားမြှင့်တင်ရေးပွဲများကို မကြာခဏကျင်းပပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်နေသည်။

တရုတ်နိုင်ငံရှိ ဝင်ထွက်နေရာများနှင့် လေဆိပ်များတွင် နိုင်ငံတကာမှ ခရီးသွားများ ဘာသာစကားအခက်အခဲပြေလည်စေရေးအတွက် ဉာဏ်ရည်တုနည်းပညာသုံးဘာသာပြန်စက်များကိုလည်း ထားရှိရာ ခရီးသွားလုပ်ငန်းအတွက် အကူအညီများ ရရှိသည်ကို တွေ့ရှိရသည်။ ဘာသာစကားအများအပြားကျွမ်းကျင်သည့် တရုတ်လူငယ်များကလည်း စကားပြန်များအဖြစ် ဆောင်ရွက်နေကြသည်။ ။

**ကိုးကား – China Tourism Websites**

**ခရီးသွားများ လာရောက်မှုများပြားသည့် အခြားနေရာတစ်ခုမှာ ရှန်ဟိုင်းမြို့ဖြစ်သည်။ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သည် ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအတွင်း နိုင်ငံတကာခရီးသွား ၄ ဒသမ ၁ သန်းကို ဆွဲဆောင်နိုင်ခဲ့သည်။ ရှန်ဟိုင်းသည် တရုတ်ရိုးရာယဉ်ကျေးမှုနှင့် အနောက်တိုင်းယဉ်ကျေးမှုများ ပေါင်းဆုံရာနေရာတစ်ခုအဖြစ် ခရီးသွားများ လာရောက်မှုအများဆုံးနေရာဖြစ်သည်။ အများဆုံးလာရောက်လည်ပတ်သူများမှာ တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားများဖြစ်သည်။ ရှန်ဟိုင်းတွင် ခရီးသွားလုပ်ငန်းများက ခရီးသွားမြှင့်တင်ရေးပွဲများကို မကြာခဏကျင်းပပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်နေ**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် အောက်တိုဘာ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၁၃-၁၀-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

**Unit 5: TRAINS**

ယခင်တစ်ပတ်မှအဆက်

**IV.(A) Write the appropriate words or phrases to complete the lines of verse.**

1. Continuous as the stars that shine
   And ________________,
2. When __________________,
   A host of golden daffodils;
3. They stretched in never-ending line
   Along _______________;
4. Beside the lake, beneath the trees,
   ______________________.
5. Ten thousand saw I at a glance,
   ____________________.

**(B) Answer the questions in complete sentence.**

1. What are means of transport we use?
2. What did people use until about 1940?
3. How are electric trains powered?
4. For what are electric trains suitable?
5. Why were turbine-electric locomotives not used any further?
6. Why are trains still an important system of transport in the world?
7. When did sky trains come into use in Thailand?
8. Where are bullet trains widely used now?
9. What is the advantage of trains?
10. What is the disadvantage of trains?

**V.(1) Read the passage.**

We use many means of transport such as planes, ships, trains, cars, etc. The train which was invented in the nineteenth century is still widely used today. Starting from its time of invention, trains can be categorized into three: surface trains, underground trains and skytrains. These trains are powered by steam, electricity and diesel.

In the year 1804 in England, Richard Trevithick, an engineer and inventor, designed and developed the first steam locomotive, the engine that pulls the train – to be used to transport coal or minerals. His engine hauled 10 tons of iron and 70 men for ten miles at a speed of five miles per hour. In 1829, George Stephenson, a British engineer, developed the steam-powered locomotive to haul, for the first time, passengers and freight from Liverpool to Manchester. Steam locomotives, or railway engines, were used until about 1940.

**(A) Write the correct word or words to complete each sentence.**

(1) The train is one of many -------- widely used today.
(2) Trains -------- into three kinds.
(3) Steam, electricity and diesel -------- trains.
(4) Richard Trevithick was --------.
(5) People use -------- until about 1940.

**(B) Answer each question in one sentence.**

(6) What are three kinds of trains mentioned in the passage?
(7) Why was the first steam locomotive used?
(8) How did the first steam locomotive haul 10 tons of iron and 70 men?
(9) Who developed the steam - powered locomotive in 1829?
(10) What did the steam - powered locomotive developed by George Stephenson do for the first time?

**Answers**

**Grade 10: TRAINS**

IV.(A) 1. twinkle on the Milky Way 2. all at once I saw a crowd 3. the margin of a bay 4. Fluttering and dancing in the breeze 5. Tossing their heads in sprightly dance

(B) 1. Means of transport we use are planes, ships, trains, cars, etc. 2. People used steam locomotives, or railway engines until about 1940. 3. Electric trains are powered by electricity from overhead lines, a third rail or on - board energy storage like a battery. 4. Electric trains are suitable for commuter rail service with frequent stops. 5. Turbine-electric locomotives were not used any further because they were found to be uneconomical. 6. Trains are still an important system of transport in the world because they are very eco-friendly. 7. Skytrains came into use in Thailand in 1999. 8. Bullet trains are widely used in France, Germany, Belgium, Italy, the Netherlands, Spain, Saudi Arabia, South Korea, China and Japan now 9. The advantage of trains is that they are very eco - friendly. 10. The disadvantage of trains is that they are expensive to produce and maintain.

V.(1) (A) (1) means of transport (2) are categorized (3) power (4) an engineer and inventor (5) steam locomotive or railway engines

(B) (6) Three kinds of trains mentioned in the passage are surface trains, underground trains and skytrains. (7) The first steam locomotive was used to transport coal and minerals. (8) The first steam locomotive hauled 10 tons of iron and 70 men for ten miles at a speed of five miles per hour. (9) George Stephenson, a British engineer developed the steam - powered locomotive in 1829. (10) The steam - powered locomotive developed by George Stephenson hauled passengers and freight from Liverpool to Manchester for the first time.

**************

## Grade 11

**Unit 5: TRAVEL IN SOUTHEAST ASIA I**

ယခင်တစ်ပတ်မှအဆက်

**IV. (A) Write the appropriate words or phrases to complete the lines of verse.**

1. And even as I marveled,
   It ________________.
2. The ________________
   And slowly flew away.
3. Till evening _____________
   Over my private zoo.
4. It changed into an elephant
   Of __________________,
5. I thought I saw a cloud whale
   ___________________;

**IV. (B) Answer the questions in complete sentence.**

1. Why are travelers interested in visiting ASEAN countries?
2. What makes the Jame Asr Hassanal Bolkiah Mosque impressive?
3. Where can visitors learn about the Sultan's collection of gifts?
4. How can visitors best experience the daily life of local villagers in Kampong Ayer?
5. What is the Silver Pagoda named after?
6. Where is the National Museum located in Phnom Penh?
7. What do the five central towers of Angkor Wat symbolize?
8. Why is Borobudur considered a must-visit attraction?
9. What is special about Wat Sisaket Temple?
10. What connects the two Petronas Twin Towers?

**V.(1) Read the passage.**

**Brunei Darussalam**

Brunei Darussalam is a country which comprises two enclaves on the northwest coast of the island of Borneo. It is known for its beaches and biodiverse rainforests.

Bandar Seri Begawan, the capital of Brunei Darussalam, has many sights to offer. Jame Asr Hassanal Bolkiah Mosque, the largest mosque in Brunei, is certainly an impressive building because the complex is adorned with 29 golden domes. The Omar Ali Saifuddin Mosque with its striking image also offers a magnificent view surrounded by an artificial lagoon. The Omar Ali Saifuddin Mosque overlooks the Brunei River and Kampong Ayer. The centuries-old Kampong Ayer, the historical floating village, consists of more than 40 smaller settlements on stilts over the Brunei River. The floating villages are interconnected with wooden bridges and walkways. The best way to experience the daily life of local villagers is taking a river cruise.

At the Brunei Museum, located near Bandar Seri Begawan, fine examples of bronze and brassware, along with fascinating displays of Chinese ceramics and jade, can be seen. The History gallery in the museum displays the history of Southeast Asia with relevance to Brunei. The Sultan's palace lies a short drive from the city centre. Featuring as a favourite stop for day trippers, it gives visitors an idea of the Sultan's wealth. His collection of gifts can be seen at the Royal Regalia Museum – from a giant chariot used in his silver jubilee to countless jewels and gold. The museum is free to visitors, offering a glimpse into the luxurious lifestyle of a Sultan.

**(A) Write the correct word or words to complete each sentence.**

(1) On the island of Borneo lies -------- which comprises two enclaves.
(2) Jame' Asr Hassanal Bolkiah Mosque is -------- than any other mosque in Brunei.
(3) The Omar Ali Saifuddin Mosque -------- by an artificial lagoon.
(4) Visitors will be -------- by displays of Chinese ceramic and jade.
(5) -------- is given to visitors by the Sultan's Palace.

**(B) Answer each question in one sentence.**

(6) What make Brunei well-known?
(7) Why is Jame' Asr Hassanal Bolkiah Mosque impressive?
(8) How can the daily life of local villagers be found?
(9) What can be seen in the History gallery of Brunei museum?
(10) Where can the collection of the Sultan's gift from a giant chariot used in his silver jubilee to countless jewels and gold be seen?

**Answers**

**Unit 5: TRAVEL IN SOUTHEAST ASIA I**

I. (A) 1. split itself in two 2. little frog became a bird 3. shut her deep blue tent 4. most unusual hue 5. Sail through a sea of blue

11. (B) 1. 1. Travellers are interested in visiting ASEAN countries as they can explore vivid and diverse cultures, traditions, languages, lifestyles, fashions, beliefs and customs. 2. It is impressive because the complex is adorned with 29 golden domes. 3. Visitors can learn about the Sultan's collection of gifts at the Royal Regalia Museum. 4. Visitors can best experience the daily life of local villagers in Kampong Ayer by taking a river cruise. 5. The Silver Pagoda is named after its floor, which is made up of 5,000 silver tiles. 6. The National Museum is located just north of the Royal Palace. 7. The five central towers of Angkor Wat symbolize the peaks of Mount Meru, the dwelling place of the gods according to Hindu mythology. 8. Borobudur is considered a must-visit attraction because it is the world's biggest Buddhist temple and a UNESCO World Heritage Site reflecting Indonesia's long history. 9. Wat Sisaket Temple features over 10,000 Buddha sculptures of varying sizes and styles. 10. The two Petronas Twin Towers are joined at the 41st and 42nd floors by a 58-metre-long double-decker Sky Bridge.

V. (1)(A)(1) Brunei Darussalam (2) larger (3) is surrounded (4) fascinated (5) An idea of the Sultan's wealth

(B) (6) The beaches and biodiverse rainforest make Brunei well - known. (7) Jame' Asr Hassanal Bolkiah Mosque is impressive because the complex is adorned with 29 golden domes. (8)The daily life of local villagers can be found by taking a river cruise. (9) The history of Southeast Asia with relevance to Brunei can be seen in the History gallery of Brunei museum. (10) The collection of the Sultan's gift from a giant chariot used in his silver jubilee to countless jewels and gold can be seen at the Royal Regalia Museum.

******************

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

Grade 12

## Unit 5: COLOURS

ယခင်တစ်ပတ်မှအဆက်

**IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. A world is there for you to share
   When _____________________.
2. _________ by night; study and ease,
   Together mix'd; sweet recreation,
3. You cannot tell _______________
   By the way the building looks,
4. Thus let me live, unseen, unknown;
   Thus ______________ let me die;
5. Meet __________, learn to sing,
   How to bake
   a pie,

**IV (B) Answer the questions in complete sentence. (5 marks)**

1. What does 'the black sheep of the family' mean?
2. Why is the slow, sad, soulful music of the African–Americans called 'blues'?
3. What type of person is commonly referred to as a greenhorn?
4. Why do advertisers choose bright and cheerful colours?
5. Which colour does a bank use to show that it is trustworthy?
6. Why is colour important in everything we do?
7. What do the colours of a national flag represent?
8. What does "Giving the green light" mean?
9. What is one negative connotation of black?
10. What do these lines mean?
    **Blest, who can unconcern'dly find**
    **Hours, days and years slide soft away**

**V.(1) Read the passage.**

We live in a world of colours, don't we? We often say, or hear people say, a clear blue sky, a deep sea, a red, red rose, as white as snow, as black as coal, and so on.

But do we know that many everyday expressions in English are made from colours? For example, sometimes, when the people we love are not near us, we feel blue, that is, we feel sad and lonely.

And the slow, sad, soulful music of the African–Americans is called 'blues' because it reflects the sad lonely feelings of those African–Americans. Then there are: out of the blue, which means without warning; once in a blue moon, which means very rarely or hardly ever; blue–collar, a term which refers to workers doing manual or unskilled work, and many others.

What about green? If somebody has green fingers, he or she has the natural skill of growing plants successfully. So if you do not have green fingers, don't ever think of taking up gardening as a hobby. And if someone is young and inexperienced, he or she is a greenhorn, or we can say he or she is still green. If someone is given the green light, it means he or she is allowed by someone in authority to go ahead with a certain project or programme.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Her complexion is as -------- as snow.
(2) There is no cloud and the sky is --------.
(3) The expression of colours ------in English every day.
(4) We use -------- colour when we feel sad and lonely.
(5) A person who is young and inexperienced is a called a --------.

**(B) Answer each question in one sentence. (5 marks)**

(6) What do the African – Americans sing when they feel blue?
(7) How is the expression 'out of the blue' understood?
(8) Why do we regard a worker as a blue collar?
(9) When do we say that someone has green fingers?
(10) What does giving someone the green light mean?

**V.(2) Read the passage.**

A greengrocer is of course a person or a shopkeeper that sells fruit and vegetables. And a term often heard these days is the greenhouse effect, which refers to the warming of the earth's surface as a result of the trapping of long–wave radiation by carbon dioxide, ozone, and other gases in the earth's atmosphere. Now, let's go to politics. When we say someone is pink, we mean that he or she has mild left–wing views, and therefore is a socialist. But to be in the pink is to be in the best of health. One very popular song of the mid–fifties goes like this: Enjoy yourself, it's later than you think. Enjoy yourself while you're still in the pink. By the way, do you know that your little finger is called a pinkie?

But if you're red instead of pink, then you're a true leftist, a communist. But when you see red, it means you are very angry. When a business company is in the red it means that the company is losing money and is in debt. When a footballer is shown a red card, he is sent of the pitch for violating one of the rules of the game. And to paint the town red is to go to a lot of different bars, clubs, etc. to enjoy oneself in a lively, and often drunken way. Then, we roll out the red carpet for VIPs.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) A shopkeeper -------- sells fruits and vegetables is called a greengrocer.
(2) -------- refers to a process by which the earth's surface is warm.
(3) When a ------is pink, we say that he or she is a socialist.
(4) A true leftist called communist is ---------.
(5) VIPa are welcomed with --------.

**(B) Answer each question in one sentence. (5 marks)**

(6) How does the greenhouse effect make the earth's surface warm?
(7) What should we do according to the popular song of the mid – fifties?
(8) What does a person seeing red mean?
(9) Why can we say that a business company is in the red?
(10) When is a footballer shown a red card and sent off the pitch?

**V.(3) Read the passage.**

When someone is caught red–handed, he or she is caught in the act of committing a crime. And most modern–day teenagers enjoy red hot music, which is music that is loud and quick in rhythm. A red letter day is an important, or special day because something particularly good, important happens on this day. And how we hate all that red tape, which refers to all those unnecessary rules and regulations which result in delay. Are you yellow? If so, you have no courage; you are cowardly. But when a footballer is shown a yellow card, it means that he is warned for having broken a rule. And a yellow ribbon is a symbol of welcome – in the USA – for those returning home after having undergone danger. For instance, a soldier returning home from battle is quite likely to find yellow ribbons tied round a tree in his front yard.

Do you like to wear black clothes? You are not all alone if you say "yes". Black is the most preferred colour in today's fashion world. And the highest belt awarded in martial arts is black. However, black is also associated with mysterious or frightening things, as in black holes, black magic, black spirits, and so on. Like any other colours, black has both positive and negative connotations. For instance, a company in the black has more money than it owes. But, when someone is described as the black sheep of the family, he or she notoriously stands out from the rest of the family.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Red hot music -------- by most modern – day teenagers.
(2) -------- brings about delay.
(3) A person who is yellow has no courage but -------.
(4) We can see -------- in black holes, black magic and black spirits.
(5) ------- notoriously stands out from the rest of the family.

**(B) Answer each question in one sentence. (5 marks)**

(6) Why is someone caught red – handed?
(7) When does something particularly good or important happen?
(8) Who is shown a yellow card?
(9) How are people returning home after having undergone danger welcomed in the USA?
(10) What do black clothes refer to in the passage?

**V.(4) Read the passage.**

Then, do we know that we use colour to express a sense of group identity? We wear uniforms at school, in the army or in the police force to show that we belong to a particular group. We also dress in our favourite sports team colours to say the same thing. And, we will notice that flag colours vary from country to country. The colours of a national flag represent the country's history, beliefs and values, as well as its glorious past and hopeful future. If we see a group of football fans waving their national flags at the stadium, we can guess where they come from.

Are we aware that colour is used as a fast and powerful tool for sending out different messages? The colours of the traffic lights – amber, red, and green – mean slow down, stop, and go respectively. In the world of business, companies always select the colour of their brand very carefully. For instance, a bank uses a calm blue to show that is trustworthy. Advertisers use bright and cheerful colours to say that we will have a brighter future if we use their products.

All in all, we live our lives in colour from our earliest days. Colour has a big part in everything we do. The language we use in daily life is full of colour–related expressions. We also use colour as a badge of identity and as a way of communicating different messages. Thus, we can increase our understanding of the world around us by learning about what colours represent. If there were no colour in the world, we would definitely live a dull life.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) A sense of group identity can -------- with colour.
(2) -------- can distinguish a sense of group identity from others.
(3) Where a group of football fans come from can be guessed with -------- waving at the stadium.
(4) To send out different messages, colour is a -------.
(5) Amber and red represent -------- in traffic lights.

**(B) Answer each question in one sentence. (5 marks)**

(6) Why do we dress in our favourite sports team colours?
(7) What do the colours of a national flag represent?
(8) How does a bank use a calm blue colour?
(9) What do we see or hear in the language we use in daily life?
(10) What can make us increase our understanding of the world around us?

## Answers

## Unit 5: COLOURS

IV. (A) 1. adventure calls 2. Sound sleep 3. its magic 4. unlamented 5. a king

(B) 1. 'The black sheep of the family' means that 'he or she notoriously stands out from the rest of the family'. 2. The slow, sad, soulful music of the African–Americans is called 'blues' because it reflects the sad lonely feelings of those African–Americans. 3. A person who is young and inexperienced is commonly referred to as a greenhorn. 4. Advertisers choose bright and cheerful colours to say that we will have a brighter future if we use their products. 5. A bank uses a calm blue to show that it is trustworthy. 6. Colour is important in everything we do because the language we use in daily life is full of colour–related expressions. 8. "Giving the green light" means he or she is allowed by someone in authority to go ahead with a certain project or programme. 9. One negative connotation of black is the black sheep of the family. 10. These lines mean that true happiness comes from living a quiet, content life where time flows gently.

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## အိမ်မဲမြို့နယ် ဘုရား၊ စေတီ၊ တန်ဆောင်းများတွင် ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြသူများဖြင့် စည်ကား



**အိမ်မဲ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ ဘုရား၊ စေတီ၊ တန်ဆောင်းများ၌ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လဆန်း ၁၄ ရက် မွန်းလွဲ ၃ နာရီမှ စတင်ပြီး ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်၊ သူတော်ကောင်းအပေါင်းတို့က မြတ်စွာဘုရားအား ရည်မှန်း၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊သစ်သီးများနှင့် ဘုရား၊ စေတီ၊ တန်ဆောင်းများ၌ ကပ်လှူပူဇော်လျက်ရှိရာ ဂေါပကအဖွဲ့များက ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဆံချက်၊ ကြာဆံကြော် အစရှိသည့် မုန့်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးလျက်ရှိသည်။

အိမ်မဲမြို့တည် သမိုင်းဝင် ရှင်ပင်ချမ်းသာကြီး ဘုရားတွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရာ ယနေ့ည ၇ နာရီတွင် ဆီမီး ၁၀၀၀ ပူဇော်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**



## ဒဂုံမြို့သစ် ပြည်ကြီးချမ်းသာမဟာစေတီတော်အား ပြည်သူများ ဖူးမြော်ပူဇော်နိုင်ရန် ဆရာတော် သံဃာတော်များထံမှ ဩဝါဒခံယူ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ပြည်ကြီးချမ်းသာ မဟာစေတီတော်ကြီး (မြို့ဦးစေတီ)ရှိ သန္တိသုခဓမ္မာရုံ၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဖွန်းဘုံတို့အား ရဟန်းရှင်လူပြည်သူများ ဖူးမြော်ပူဇော်နိုင်ရန် ဆရာတော် သံဃာတော်များထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်ဩဝါဒါစရိယဆရာတော် သာသနဇ္ဇောတိက ကျောင်းတိုက်မှ ဆရာတော် ဒေါက်တာဘဒ္ဒန္တနေမိန္ဒက ဩဝါဒစကားမိန့်ကြားရာတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဖွန်းဘုံတို့သည် တန်ဖိုးကြီးသောပစ္စည်းများဖြစ်၍ စနစ်တကျမှတ်တမ်းပြုစုထားရန်၊ မူလဘုရားတကာများရှိ၍ စာရင်းအင်းနှင့် လှူဒါန်းထားသည့်ပစ္စည်းများ မပျောက်ပျက်အောင်ထိန်းသိမ်းရန်အရေးကြီးကြောင်း၊ လုံခြုံရေးထားရှိရန်နှင့် အစစသတိပြုဆောင်ရွက်ကြရန် မိန့်ကြားပြီး စေတီတော်ဘဏ္ဍာတော်ထိန်းဥက္ကဋ္ဌက ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဖွန်းဘုံတို့ ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနား ဆောက်ရွက်မည့်အစီအစဉ်များ စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ မြို့နယ်ဩဝါဒါစရိယဆရာတော် မဟာဂန္ဓာရုံကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တဥတ္တမာဘိဝံသ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အနန္တဂုဏ်ရည်ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တသူရိယနှင့် ဆရာတော်သံဃာတော်များက အကြံပြုမိန့်ကြားကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ညနေ ၅ နာရီတွင် ဩဝါဒခံယူပွဲအား "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

## မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၏ (၁၅၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ





**မုဒုံ အောက်တိုဘာ ၅**

မွန်ပြည်နယ် မုဒုံမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၁)ကြိမ်မြောက် သီတင်းကျွတ်ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ကန်ကြီးမင်္ဂလာ ကန်တော်၌ ကျင်းပသည်။

ဦးစွာ ကန်ကြီးစေတီ ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တကေတုဝံရနှင့် ဂေါပကအဖွဲ့ဝင်များသည် ကန်ကြီးစေတီတော်နှင့် မင်္ဂလာကန်တော်အား ရှိခိုးဦးတိုက်ကန်တော့၍ ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးသည်။ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် မုဒုံမြို့ပေါ်ရပ်ကွက်များမှ လှေလှော်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ ရှင်ဥပဂုတ္တမထေရ်မြတ် မြို့တွင်းလှည့်လည်ပူဇော်ခံပွဲ ကျင်းပ



**ရွှေကျင် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် နံနက် ၈ နာရီမှစ၍ ဝါကျွတ်ကာလ ကုသိုလ်တော်အဖြစ် ရှင်ဥပဂုတ္တမထေရ်မြတ် မြို့နယ်အတွင်း လှည့်လည်ပူဇော်ခံပွဲ ကျင်းပသည်။

အဆိုပါ ပူဇော်ပွဲကို နှစ်စဉ် သီတင်းကျွတ်ကာလ လပြည့်နေ့ မတိုင်မီတစ်ရက်မှ စတင်ကာ ရှင်ဥပဂုတ္တ မထေရ်မြတ်အား ကိန်းဝပ်စံပယ်ရာ ပျဉ်းမပင်ရပ်ကွက် စံကျောင်းတော်ပေါ်မှ ပင့်ဆောင်ကာ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်အပူဇော်ခံပြီး မွန်းလွဲပိုင်းတွင် ရွှေကျင်ချောင်းထဲရှိ ဖောင်တော်ပေါ်၌ အပူဇော်ခံထားရှိသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေ ၆ နာရီခန့်တွင် ရွှေကျင်ချောင်း မှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ အပူဇော်ခံရန် ရေချပွဲ ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မြန်အောင်မြို့ တာဝတိံသာမြတ်စွာဘုရားကြီး (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

**မြန်အောင် အောက်တိုဘာ ၅**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့ တာဝတိံသာ မြတ်စွာဘုရားကြီး (၁၃၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားဆင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်ဟိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ မြန်အောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ တာဝတိံသာ မြတ်စွာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် ဦးဝင်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မြန်အောင်မြို့ တာဝတိံသာ မြတ်စွာဘုရားကြီး သီတင်းကျွတ်ဘုရားဆင်းပွဲတော်ကို (သီတင်းကျွတ်လဆန်း ၇ ရက်) မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ နယ်လှည့်ဈေးသည် ဆိုင်ခန်းပေါင်း ၃၀၀ ကျော် လာရောက် ရောင်းချကြပြီး တာဝတိံသာ ဘုရားဇာတ်ရုံတွင် ယဉ်ကျေးမှု ဇာတ်သဘင်များ၊ ရဟတ်၊ ကလေးကစားစရာမျိုးစုံတို့ဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ် လပြည့်ကျော် ၁ ရက်တွင် မြန်အောင်မြို့အတွင်း ဒေသစာရီလှည့်လည် အပူဇော်ခံကြွရောက်ကြရာ မြို့သူမြို့သားအပေါင်းနှင့် ဘုရားဖူးလာသူတို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများကို နှစ်စဉ်လောင်းလှူကြကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**





## တွံတေးမြို့နယ်၌ သီတင်းကျွတ်ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**တွံတေး အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၏ကျက်သရေဆောင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆံကေသာဓာတု ရှေးဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပရာ ယမန်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လဆန်း ၆ ရက်မှ စတင်၍ ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲများ၊ ဈေးအရောင်းဆိုင်များ၊ ကလေးကစားကွင်းများ၊ ပွဲတော်လာရောက်ကြသူများ ဘုရားပရိဝုဏ်အတွင်း မီးများအလှဆင်ထွန်းညှိထားကာ ဘုရားဖူးပြည်သူများ ဆီမီးများထွန်းညှိပူဇော်ကုသိုလ်ဒါနပြုခဲ့ကြပြီး ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများနှင့် ရပ်ကွက်များအတွင်းရှိ လမ်းသွယ်၊ လမ်းကြား၊ လမ်းမကြီးများတွင် အလှမီးများထွန်းညှိခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှု

နီဇော်သစ်




၂၀၂၂ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာတွေ့ရှိချက်များထဲတွင် ‘ဒစ်ဂျစ်တယ်နည်းပညာများသည် စက်မှုလုပ်ငန်းများကို အသွင်ပြောင်းလဲစေရုံသာမဟုတ်၊ အာဏာနှင့် ဩဇာလွှမ်းမိုးမှု နယ်နိမိတ်မျဉ်းများကိုပါ ပြန်လည်ရေးဆွဲခဲ့သည်’ ဆိုသည့် အချက်တစ်ချက်ပါဝင်သည်။ ယင်းမှာ သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှု မည်မျှကျယ်ပြန့်သည်ဆိုသည်ကို ပြသသည့်အချက်လည်းဖြစ်သည်။

လူသားတို့၏ သမိုင်းတစ်လျှောက် နည်းပညာအမျိုးမျိုးတီထွင်ကြံဆခဲ့ကြရာ လူသားတို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်အသီးသီးကို ပုံစံအမျိုးမျိုးပြောင်းလဲစေခဲ့သည့် နည်းပညာများ ပေါ်ထွက်ခဲ့ပြီး ယင်းတို့ကို အထွေထွေသုံးနည်းပညာများဟု ပြန်လှန်သုံးသပ်သူများက အမည်တပ်ခဲ့ကြသည်ကို ရှေ့ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်ဟု ဆိုနိုင်သည့် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစုအစပိုင်းတွင် ပြုပြင်ပြောင်းလဲမှု အားအကောင်းဆုံးနည်းပညာအဖြစ် သတင်းနည်းပညာကို ကြုံတွေ့ခဲ့ရသည်။ ကျွန်တော်တို့သည် သတင်းခေတ်လူသားများ ဖြစ်ခဲ့ကြရသည်။ ဖြစ်နေကြရသည်။

စီးပွားရေးပညာရှင်တို့က အထွေထွေသုံးနည်းပညာတို့ကို သတ်မှတ်ရာတွင် အဓိကအရည်အသွေးသုံးရပ်ကို အဓိကထားခဲ့ကြသည်။ ယင်းတို့မှာ နေရာတကာ ပျံ့နှံ့နိုင်စွမ်း၊ အချိန်နှင့်အမျှ တိုးတက်နိုင်စွမ်းနှင့် ဆန်းသစ်တီထွင်မှုတို့ကို အားဖြည့်ပေးနိုင်စွမ်းတို့ဖြစ်သည်။ ရှေ့က နည်းပညာများအကြောင်းရေးခဲ့စဉ်က ထိုသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့်ထည့်မပြောဘဲ ယခုမှပြောရသည်မှာ ကျွန်တော်တို့ လက်တွေ့ကြုံခဲ့ကြရသည့် ကိစ္စများဖြစ်၍ ပိုမိုနားလည်နိုင်ခြင်းကြောင့်ပင်။

သတင်းနည်းပညာ၏ ပျံ့နှံ့နိုင်စွမ်းကိုကြည့်ပါ။ ဘဏ်စနစ်မှသည် ပညာရေးစနစ်အထိ၊ ကာကွယ်ရေးစနစ်မှသည် ဖျော်ဖြေရေးစနစ်များအထိ မည်သည့်နေရာတွင်မဆို သတင်းနည်းပညာကို မသုံးသည့်စနစ်ဟူ၍မရှိတော့ပေ။ လူတိုင်းလူတိုင်း၏ လက်ထဲတွင် စမတ်ဖုန်းများ ရောက်လာပြီး မည်သည့်အသက်အရွယ်အတွက်မဆို မရှိမဖြစ် နေ့စဉ်သုံးအရာတစ်ခုဖြစ်လာသည်က အခြားနည်းပညာများထက်ပိုပြီး သတင်းနည်းပညာ၏ ပျံ့နှံ့နိုင်စွမ်းမြင့်မားမှုကို ပြသနေသည်။ အချိန်နှင့်အမျှ တိုးတက်နိုင်စွမ်းကိုလည်း အထူးပြောနေစရာမလို။ ကျွန်တော်တို့ ကျောင်းတက်စဉ်ကာလက နည်းပညာများနှင့် လက်ရှိနည်းပညာတို့ကို ယှဉ်ကြည့်လျှင်ပင် တော်တော်ကြီး ကွာခြားနေပြီ။ ကျွန်တော်တို့လက်ထဲတွင် ကိုင်ထားသည့် စမတ်ဖုန်းများ၏ တွက်ချက်နိုင်စွမ်း၊ သိမ်းဆည်းနိုင်စွမ်းသည် ယခုနေ မိသားစုအလွန်ကို ရောက်တော့မည်ဖြစ်သည့် ဗွိုင်ယေဂျာ အာကာသယာဉ်တို့တွင် သုံးထားသည့် ကွန်ပျူတာများထက် များစွာသာလွန်လျက်ရှိနေပြီမဟုတ်ပါလား။ ဆန်းသစ်တီထွင်မှုကို အားဖြည့်ပေးနိုင်စွမ်းတွင်လည်း အနာဂတ် အထွေထွေသုံးနည်းပညာများဟု မျှော်လင့်ထားကြသည့် အသိဉာဏ်တုနည်းပညာ၊ ဇီဝအတုနည်းပညာနှင့် ကွမ်တမ် ကွန်ပျူတာနည်းပညာတို့မှာ သတင်းနည်းပညာပလက်ဖောင်းပေါ်တွင် ကြီးကြီးမားမား အခြေခံထားရကြောင်း တွေ့ရလိမ့်မည်။

နည်းပညာတစ်ခုသည် အထွေထွေသုံးနည်းပညာအဆင့်သို့ ရောက်သွားပြီဆိုလျှင် ကျွဲကူးရေပါဆိုသလို ပါဝါပြန်လည်ဖြန့်ဝေမှုကိုလည်း လုပ်ကြသည်။ ထိုသို့ ပါဝါပြန်လည်ဖြန့်ဝေမှုများဖြစ်လာတိုင်း လူသားတို့၏ အလုပ်အကိုင် အခွင့်အလမ်းများ၊ အစိုးရ၊ အဖွဲ့အစည်း၊ ကော်ပိုရေးရှင်းများနှင့် ပြည်သူများအကြားမှ အားပြိုင်မှုများမှသည် ယဉ်ကျေးမှုနှင့် နိစ္စဓူဝ လုပ်ငန်းဆောင်တာများအထိ ပြောင်းလဲသွားလေ့ရှိသည်။ ယခုသတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှုမှာ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့ကြရခြင်းဖြစ်၍ လွန်ခဲ့သည် ဆယ်စုနှစ်တစ်ခု၊ ထို့ထက်ပိုကြည့်လျှင် နှစ်ခု၊ သုံးခုလောက်နှင့် လက်ရှိ နေထိုင်သွားလာလုပ်ကိုင်ရသည့် ပုံစံများ မည်မျှပြောင်းသွားသည်ကို ကောင်းကောင်း မြင်ကြပါလိမ့်မည်။

စီးပွားရေးအသုံးအနှုန်းအရပြောရလျှင် သတင်းနည်းပညာသည် ပါဝါကိုစုစည်းခြင်းနှင့် ဖြန့်ဝေခြင်းတို့ တစ်ပြိုင်နက်လုပ်သည်ဆို၏။ ယင်းမှာ ထူးခြားချက်ဖြစ်သည်။ ယခင်နည်းပညာများတုန်းက ပါဝါကို ဗဟိုချက်၌ စုသွားခြင်းမျိုးဖြစ်စေသလို ပြည်သူအများထံ ပျံ့နှံ့လာခြင်းကိုလည်း ဖြစ်စေတတ်သည်။ နည်းပညာတစ်ခု၏ တိုးတက်မှုအတွင်း ပါဝါပျံ့နှံ့မှုပြောင်းလဲသွားတတ်သည်ကိုလည်း မြင်တွေ့ရသည်။ သို့သော် ယခု သတင်းနည်းပညာမှာ ထိုနှစ်ချက်လုံးကို တစ်ပြိုင်နက် လုပ်ဆောင်ခဲ့ခြင်းဖြစ်၍ ထူးခြားသည်ဟု ဆိုရပါသည်။

သတင်းနည်းပညာ၏ ပါဝါကိုဗဟိုချက်၌ စုစည်းစေသည်ကို နည်းပညာဘီလူးကြီးများဖြစ်ကြသော အက်ပဲလ်၊ အမေဇုန်၊ အယ်လ်ဖာဘက်(ဂူးဂဲလ်)၊ မီတာ(ဖေ့စ်ဘွတ်ခ်)၊ မိုက်ခရိုဆော့ဖ် အစရှိသည့် လုပ်ငန်းကြီးများ၏ ဩဇာမည်မျှကြီးမားလာသည်ဆိုသည်ကိုကြည့်လျှင် သိနိုင်သည်။ သူတို့က အချက်အလက်များ၊ အယ်လ်ဂိုရစ်သမ်များ၊ ပလက်ဖောင်းများကို ပိုင်ဆိုင်ထားသည်။ ဒစ်ဂျစ်တယ်ခေတ်၏စံနှုန်းများကို သတ်မှတ်သည်။ ဈေးကွက်များကို ထိန်းချုပ်သည်။ လူထုသွားရာလမ်းကို ပဲ့ကိုင်သည်။ ဟားဗတ်တက္ကသိုလ်မှ စီးပွားရေး ပါမောက္ခ ရှိုရှာနာ ဇူးဘော့ဖ်ကဆိုလျှင် ‘စောင့်ကြည့်သည့် အရင်းရှင်ဝါဒ’ဟုပင် အမည်တပ်သည်။ “လူသားတို့၏ အတွေ့အကြုံများသည် အမူအကျင့်ဆိုင်ရာ အချက်အလက်များအဖြစ် အခမဲ့ပြောင်းလဲသွားသည်”ဟု သူက ဆိုသည်။

ဤနေရာတွင် သဘောတရားပိုင်းဆိုင်ရာ ဝိရောဓိတစ်ခုကို တွေ့နိုင်သည်။ အရင်းရှင်ဝါဒဆိုသည်မှာ လစ်ဘရယ်လမ်းစဉ်နှင့် တွဲဖက်သည်။ လွတ်လပ်မှုကို အသားပေးသည်။ လူတစ်ဦးတစ်ယောက်ချင်းစီကို စောင့်ကြည့်ခြင်းမှာ အာဏာရှင်လမ်းစဉ်ဖြစ်သည်။ အရင်းရှင်ဝါဒစွဲကိုင်သည့် လစ်ဘရယ်တို့ ရှုတ်ချသည့်နည်းလမ်းဖြစ်သည်။ သို့သော် ယင်းမှာ လူအများအတွက်ပြောခြင်းမဟုတ်ဘဲ အစိုးရများနှင့် ကော်ပိုရေးရှင်းကြီးများကြားမှ ကိစ္စကိုသာ ပြောခြင်းဖြစ်ကြောင်း ယနေ့ခေတ်တွင် ပိုထင်ရှားလာသည်။ အစိုးရထိန်းချုပ်မှုအောက်မှ လွတ်လပ်ခွင့်ရထားသော ကော်ပိုရေးရှင်းကြီးများသည် တစ်ဦးတစ်ယောက်ချင်းစီ၏ ပုဂ္ဂိုလ်ရေးများအထိ စောင့်ကြည့်နိုင်စွမ်းရှိလာသည်။ ကြည့်လည်းကြည့်သည်။ လစ်ဘရယ်စနစ်အောက်မှ လွတ်လပ်သော ကော်ပိုရေးရှင်းကြီးများသည် အာဏာရှင်ဆန်လာသည်ဟု ဆိုနိုင်ပြီမဟုတ်ပါလား။ ပိုဆိုးသည်မှာ နိုင်ငံ၊ ဒေသ အကန့်အသတ်မရှိခြင်းပင်။ ကော်ပိုရေးရှင်းကြီးတစ်ခု၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို သုံးလိုက်ပြီဆိုသည်နှင့် (မသုံးလျှင်လည်း လူရာမဝင်ဖြစ်နိုင်) မည်သည့်နိုင်ငံသားဖြစ်ပါစေ ထိုကော်ပိုရေးရှင်း၏နိုင်ငံသားအလိုလိုဖြစ်သွားတော့သည်။

ပြောင်းပြန်အားဖြင့် တစ်ဖက်တွင် သတင်းနည်းပညာသည် လူအများထံသို့လည်း ပါဝါပြန်လည်ဖြန့်ဝေပေးသည်။ ယင်းကို ပညာရှင်များက ဆန်းသစ်တီထွင်မှုဆိုင်ရာ ဒီမိုကရေစီပြုခြင်းဟု ခေါ်ကြသည်။ ဆိုလိုသည်မှာ မည်သူမဆို ဆန်းသစ်တီထွင်ခွင့်ရှိလာခြင်းဖြစ်သည်။ ဥပမာအားဖြင့် မိမိပတ်ဝန်းကျင်ရှိ လူများအတွက် အသုံးဝင်မည့် အွန်လိုင်းဒေတာဘေ့စ်တစ်ခု တည်ဆောက်မည်ဆိုပါစို့။ အခမဲ့ အွန်လိုင်း ဒေတာဘေ့စ် အက်စ်ကျူအယ်လ်များရှိသည်။ အခမဲ့ ဝက်ဘ်ဝန်ဆောင်မှုအေပီအိုင်များရှိသည်။ အသုံးပြုသူများလာလျှင်တော့ ပိုက်ဆံပေးရမည်။ ပရိုဂရမ်ရေးဖို့ အခမဲ့အိုအက်စ်များ၊ ဘာသာစကားများရှိသည်။ လင်းနပ်စ်တို့ ပိုင်သွန်တို့လိုမျိုးဖြစ်သည်။ ပရိုဂရမ် မရေးတတ်မည်ကိုလည်းမစိုးရိမ်ရ။ ယနေ့ခေတ်တွင် အေအိုင်ကို အခမဲ့မေးပြီး အစအဆုံးရေးနိုင်သည်။ လူအယောက် ၁၀၀ လောက် ဝိုင်းသုံးနိုင်သည့် (တစ်ပြိုင်နက်မဟုတ်) အွန်လိုင်းဒေတာဘေ့စ်တစ်ခုကို အလွယ်တကူ အခမဲ့တည်ဆောက်နိုင်ခြင်းသည် ရှေ့ကပြောခဲ့သည့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဒီမိုကရေစီပြုခြင်းအတွက် အသေးစား ဥပမာတစ်ခုဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်လည်း လောလောဆယ်တစ်ခုစမ်းကြည့်ထား၍ လက်တန်းပြောနိုင်ခြင်းဖြစ်ပါသည်။

သတင်းနည်းပညာခေတ်သည် ကိုယ်တိုင်ကြုံနေရသည့်ခေတ်ဖြစ်သောကြောင့် ပြောစရာများလှသည်။ အခြား ပါဝါပြန်လည်ဖြန့်ဝေမှုများကို ဆက်လက်ဆွေးနွေးသွားပါဦးမည်။

## ဥတ္တရအလင်းများ နောက်နှစ်နှစ်အတွင်း ဆက်လက်အားကောင်းမည်



လက်ရှိအချိန်သည် နေ၏ ၁၁ နှစ်တာ ရာသီစက်ဝန်းထဲ၌ လှုပ်ရှားမှုအများဆုံးအချိန်ကို ကျော်လွန်သွားပြီဖြစ်သော်လည်း ဥတ္တရအလင်းများမှာ နောက်နှစ်နှစ်အတွင်း ဆက်လက်အားကောင်းနေမည်ဖြစ်ကြောင်း နက္ခတ္တဆရာများက ခန့်မှန်းပြောကြားလိုက်သည်။

ဥတ္တရအလင်းဆိုသည်မှာ ကမ္ဘာ့မြောက်ခြမ်းနိုင်ငံများက မြင်ရသည့် ကောင်းကင်ပေါ်မှ အလွန်လှပသော အလင်းတန်းများဖြစ်သည်။ အလွန်လှပသလို တစ်ချိန်နှင့်တစ်ချိန်မတူဘဲ အမျိုးမျိုးပြောင်းလဲနေသည့်အတွက် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပြီး ဝါသနာအလျောက် ဥတ္တရအလင်းလိုက်ကြည့်သူများလည်း သပ်သပ်ရှိကြသည်။

ထိုအလင်းတန်းများမှာ နေမှလာသော လျှပ်စစ်ဓာတ်ဆောင်အမှုန်များနှင့် ကမ္ဘာလေထုအပေါ်ခြမ်းမှ ဓာတ်ငွေ့များတိုက်မိပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာ့သံလိုက်စက်ကွင်း၏ အကာအကွယ်ပေးထားမှုကြောင့်သာ အဆိုပါ လျှပ်စစ်ဓာတ်ဆောင်အမှုန်များသည် ကမ္ဘာမြေပေါ်သို့ တိုက်ရိုက်မရောက်ခြင်းဖြစ်သည်။ သံလိုက်စက်ကွင်းကြောင့် အန္တရာယ်မဖြစ်သည့်အပြင် လူသားတို့အတွက် လှပသောမြင်ကွင်းများကို ခံစားခွင့်ရစေသည်ဟုပင် ဆိုနိုင်သည်။

နေမှ လျှပ်စစ်ဓာတ်ဆောင်အမှုန်များ ကမ္ဘာသို့ ရောက်လာသည့် ပမာဏမှာ တစ်ချိန်နှင့်တစ်ချိန် မတူပေ။ ပညာရှင်များက ယင်းကို လေ့လာမှတ်သားထားပြီး ၁၁ နှစ်တာ ရာသီစက်ဝန်းအဖြစ် လက်ခံထားကြသည်။ ထိုရာသီစက်ဝန်းအတွင်း နေမျက်နှာပြင်၌ လှုပ်ရှားမှုအများဆုံးအချိန်နှင့် လှုပ်ရှားမှု အနည်းဆုံးအချိန်တို့ကိုပါ တွက်ချက်ထားသည်။ လှုပ်ရှားမှုများချိန်တွင် ဥတ္တရအလင်းတို့ ပိုမိုတောက်ပပြီး လှုပ်ရှားမှုနည်းသွားလျှင် ဥတ္တရအလင်းများမမြင်ရတော့မည်ကိုစိုးရိမ်မှုများရှိနေသည်။ ယခု ၂၀၂၅ ခုနှစ်မှာ နေမျက်နှာပြင် အမြင့်ဆုံးလှုပ်ရှားသည့်ကာလကို ကျော်လွန်သွားပြီဖြစ်၍ ထိုစိုးရိမ်မှုများမှာလည်း မြင့်တက်လာသည်။

ယခု နော်ဝေး အာကာသအေဂျင်စီမှ နေဆိုင်ရာ ရူပဗေဒပညာရှင် ပါးလ်ဘရက်ကေးက နေမျက်နှာပြင် လှုပ်ရှားမှု အားနည်းသွားသော်လည်း လာမည့်နှစ်နှစ်အတွင်း ဥတ္တရအလင်းများ ဆက်လက်အားကောင်းနေဦးမည်ဟု ဥတ္တရအလင်း ဝါသနာရှင်များအား အားပေးလိုက်ခြင်းဖြစ်သည်။ “ဥတ္တရအလင်း လိုက်ကြည့်သူတွေအတွက် သတင်းကောင်းပါ။ နေလှုပ်ရှားမှုအမြင့်ဆုံးအချိန်ကို ကျော်လွန်သွားပြီဖြစ်ပေမယ့် နောက်နှစ်အနည်းငယ်အတွင်းတော့ ဥတ္တရအလင်းတွေ ဆက်အားကောင်းနေဦးမှာပါ”ဟု သူက ဆိုသည်။

အာကာသ ရာသီဥတုဆိုင်ရာ ရူပဗေဒပညာရှင် တမီသာ စကော့ဗ်ကလည်း “နေမျက်နှာပြင်လှုပ်ရှားမှု အကျပိုင်းကိုရောက်နေတဲ့အချိန်ဆိုပေမယ့် နေမျက်နှာပြင်မှာ သံလိုက်မုန်တိုင်းတွေ ပိုဖြစ်လာလေ့ရှိပါတယ်။ ကျွန်မတို့မှာက ကော်ရိုနာ တွင်းပေါက်တွေကလည်း ရှိထားပြီးသားဖြစ်နေပါတယ်။ ဒါကြောင့် အဲဒီ သံလိုက်မုန်တိုင်းတွေနဲ့ ကော်ရို နာတွင်းပေါက် နှစ်မျိုးပေါင်းလိုက်ချိန်မှာ ဥတ္တရအလင်းတွေကို ဆက်ပြီး မြင်တွေ့ခွင့်ရစေမှာပါ”ဟု ရှင်းပြသည်။

နေလှုပ်ရှားမှု အမြင့်ဆုံးအချိန်ကို ကျော်လွန်လာပြီး အနိမ့်ဆုံးအချိန်သို့မရောက်မီ ပြင်းထန်သည့် လှုပ်ရှားမှုအနည်းငယ်ဖြစ်တတ်သည်ဟုလည်း ပညာရှင်များက ဆိုသည်။ ယင်းတို့ကို ‘နေ၏နောက်ဆုံးပင့်သက်များ’ဟု အမည်ပေးထားသည်။ ထိုပင့်သက်များသည် နှစ်နှစ်အတွင်း ဖြစ်လာနိုင်ပြီး ထိုသို့ဖြစ်လာလျှင် ဥတ္တရအလင်းများ ပိုမိုအားကောင်းလာဦးမည်ဖြစ်သည်။

Ref: Space.com

## ဒေးဒရဲမြို့နယ်အတွင်းရှိ ဘုရား၊ စေတီများတွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကား



ဒေးဒရဲ အောက်တိုဘာ ၅

ဧရာဝတီတိုင်း ဒေသကြီး ဒေးဒရဲမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျှံ စေတီတော်မြတ်ကြီးနှင့် ငြိမ်းချမ်းလာဘ်ရွှင် အဘယလာဘမုနိ အောင်တော်မူ ရုပ်ပွားတော်မြတ်ကြီးတွင် သီတင်းကျွတ်လဆန်း ၁၄ ရက် ညပိုင်းက ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ဒေးဒရဲမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျှံစေတီတော်မြတ်ကြီး တည်ရှိရာ ဘုရားလမ်းတစ်လျှောက်တွင် ဈေးဆိုင်ခန်းများ၊ ကလေးကစားကွင်းများ၊ ဖျော်ဖြေရေး မဏ္ဍပ်များဖြင့် ကျင်းပပေးလျက်ရှိရာ လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)၌ ဌာနဆိုင်ရာများ၊ လူမှုရေးနှင့်ဘာသာရေးအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီး ၁၀၀၀၊ ပန်း ၁၀၀၀ ကပ်လှူပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**



## ကျောင်းကုန်းမြို့၌ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ယနေ့သီတင်းကျွတ်အဖိတ်နေ့ ညနေပိုင်းက ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ညပိုင်းတွင်ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည်။

အလားတူ အမှတ်(၁)ရပ်ကွက်ရှိ မိုဃ်းကောင်းဘုရားကြီးတွင်လည်းကောင်း၊ အမှတ်(၂)ရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီနှင့် မှော်သေးရိုးချောင်းရှိ သုခပြည့်စုံဘေးရန်လုံစေတီတွင်လည်းကောင်း၊ အမှတ်(၄) ရပ်ကွက်ရှိ မြို့ဦးရွှေမြနန္ဒာနှင့် အမတရောင်ခြည်ဘုရားဖြူတို့တွင်လည်းကောင်း ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆီမီးများထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ မွန်-မြန်မာ နှစ်ဘာသာဖြင့် ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်နှုတ်ဖြေပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ချောင်းဆုံ အောက်တိုဘာ ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မွန်-မြန်မာ နှစ်ဘာသာဖြင့် ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်နှုတ်ဖြေပြိုင်ပွဲနှင့် ဆုပေးပွဲကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့မွန်းလွဲ ၁ နာရီက ချောင်းဆုံအနောက်ရပ်ကွက် မင်းကျောင်းသာသနာ့ဗိမာန်၌ပြုလုပ်သည်။

အခမ်းအနားတွင် ဗဟိုဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဒုဥက္ကဋ္ဌ ဦးကြည်သိန်း၊ ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌ ဦးအောင်မိုးနှင့် မြို့နယ်ပညာရေးမှူး ဦးလှဋ္ဌေးတို့က သာသနာရေးဆိုင်ရာများ တင်ပြဆွေးနွေးထားခဲ့ကြပြီး ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်မြန်မာဘာသာဖြင့် နှုတ်ဖြေပြိုင်ပွဲကို အကဲဖြတ်အမှတ်ပေးဒိုင်အဖြစ် ဆရာတော် ၁၀ ပါးက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်နှုတ်ဖြေပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့က မွန်ဘာသာဖြင့် နှုတ်ဖြေယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ပြုလုပ်သည့် မြန်မာဘာသာနှုတ်ဖြေ လာရောက်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့အား မဲစနစ်ဖြင့် မေးခွန်းမေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဆုရရှိသူများနှင့် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**ကိုကျော်(ချောင်းဆုံ)**



## မအူပင်မြို့၌ နှစ်စဉ်အစဉ်အလာမပျက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

မအူပင် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား နှစ်စဉ်အစဉ်အလာမပျက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့မွန်းလွဲ ၃ နာရီက မြို့ရှောင်လမ်းထိပ်မှ စတင်ကျင်းပသည်။

မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲအား ရေလဲလမ်းနှင့် မြို့ရှောင်လမ်းထိပ်မှစတင်၍ ရေလဲလမ်းတစ်လျှောက်၊ ရေလဲလမ်းမှ ဆယ်လမ်း၊ ဆယ်လမ်းမှ ကမ်းနားလမ်း၊ ကမ်းနားလမ်းမှ ဘုရားလမ်း၊ ဘုရားလမ်းမှ မင်းလမ်းအတိုင်း သံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများကြွချီခဲ့ကြရာ လမ်းတစ်လျှောက် တပည့်ဒါယကာ၊ ဒါယိကာမများ၊ အသင်းအဖွဲ့များ၊ မြို့ပေါ် (၁၂ )ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်များ လောင်းလှူခြင်း၊ ပဒေသာပင်များ မဲနှိုက်ဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲအား မအူပင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်း၊ သီလရှင်ကျောင်း ၂၉ ကျောင်းမှ သံဃာတော် ၁၅၂၁ ပါး၊ သီလရှင်ဆရာကြီး ဆရာလေးအပါး ၃၉၀ စုစုပေါင်း ၁၉၁၁ ပါး ကြွရောက်ခဲ့ကြရာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ် MSME ပြပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပုသိမ် အောက်တိုဘာ ၅

ပုသိမ်မြို့ မြို့တော်ခန်းမ၌ပြုလုပ်သည့် သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ် MSME ပြပွဲများကို အောက်တိုဘာ ၄ ရက်မှစတင်၍ ပြသလျက်ရှိရာ ယနေ့အထိဆက်လက်ပြသလျက်ရှိပြီး အသိပညာပေး စကားဝိုင်းများကို စည်ကားသိုက်မြိုက်စွာဆောင်ရွက်လျက်ရှိပြီး ညပိုင်းတွင် စင်တင်တေးဂီတဖျော်ဖြေမှု၊ ဈေးရောင်းပွဲတော်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ကေဘယ်လ်ကားများ အောက်တိုဘာ ၄ ရက်မှစတင်ပြီး နေ့စဉ်ပြန်လည်ပြေးဆွဲလျက်ရှိ

မော်လမြိုင် အောက်တိုဘာ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများ အဆင်ပြေစေရန် ကျိုက်ထီးရိုးကေဘယ်လ်ကားများကို အောက်တိုဘာ ၄ ရက်မှစတင်ပြီး နေ့စဉ်ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ပြေးဆွဲနေသည့် ကေဘယ်လ်ကားများကို ဆံတော်ရှင်ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ခုနစ်လတိုင်တိုင် နေ့စဉ်ပြေးဆွဲပေးနေကြောင်း၊ အောက်တိုဘာ ၄ ရက်မှစတင်ပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ်ပြန်လည်ပြေးဆွဲရန် စီစဉ်ထားကြောင်း၊ ကေဘယ်လ်ကား စီးနင်းခနှုန်းထားအနေဖြင့် လူတစ်ဦးလျှင် အသွားခရီး ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး အသွားအပြန်ခရီးအတွက် ငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားကြောင်း၊ ကေဘယ်လ်ကားဝန်ဆောင်မှုတွင် ကားအစီးရေ ၄၄ တွဲ ပြေးဆွဲမည်ဖြစ်ပြီး ကားတစ်တွဲလျှင် ခရီးသည် ရှစ်ဦးအထိ တင်ဆောင်နိုင်မည်ဖြစ်ကြောင်း Sky Asia Cable Car ကုမ္ပဏီတာဝန်ရှိသူထံမှ သိရသည်။



**စည်သူ(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပရီမီယာလိဂ် နှစ်ပွဲဆက်ရှုံးပွဲကြုံခဲ့ရပြီဖြစ်တဲ့ လက်ရှိချန်ပီယံ လီဗာပူး



ပရီမီယာလိဂ် လက်ရှိချန်ပီယံ လီဗာပူးအသင်းဟာ အောက်တိုဘာ ၄ ရက် ညပိုင်းက ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ပွဲစဉ်မှာ လီဗာပူးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ ချယ်လ်ဆီးကွင်းလယ်ကစားသမား ကိုင်ဆီဒိုရဲ့ ဦးဆောင်ဂိုးကို ခွင့်ပြုပေးခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ဂတ်ပိုရဲ့ သွင်းဂိုးနဲ့ ချေပဂိုး ပြန်လည်ရရှိခဲ့ပေမယ့် သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၅ မိနစ်မှာ ချယ်လ်ဆီးကစားသမား အက်စ်တီဘောင်ရဲ့ သွင်းဂိုးထပ်မံခွင့်ပြုပေးလိုက်ရတာကြောင့် နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း ခရစ္စတယ်ပဲလေ့စ်အသင်းရဲ့ အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့သေးတာ ဖြစ်ပါတယ်။

ဒါ့ပြင် ဂါလာတာစာရေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း ဂါလာတာစာရေးအသင်း အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်လို့ လီဗာပူးအသင်းဟာ အဝေးကွင်းသုံးပွဲဆက် ရှုံးပွဲကြုံခဲ့ရပြီလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းနည်းပြ စလော့အနေနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ဂါလာတာစာရေးအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် နွေရာသီဈေးကွက်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၁၆ သန်းနဲ့ ခေါ်ယူထားတဲ့ ဖလော်ရီယန်ဝေါ့ဇ်ကို ချယ်လ်ဆီးအသင်းနဲ့ ပွဲစဉ်မှာ အရန်ခုံပို့ထားခဲ့ပြီး ဒုတိယပိုင်းအစရောက်မှသာ လူစားဝင် ကစားခွင့်ပေးခဲ့ပေမယ့် ချယ်လ်ဆီးအသင်းရဲ့ ထိန်းချုပ်ကစားခြင်းကိုသာ ခံခဲ့ရတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ယခုဘောလုံးရာသီမှာ ဘုန်းမောက်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်၊ နယူးကာဆယ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်၊ အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်၊ ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ပရီမီယာလိဂ်ပွဲစဉ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်၊ ဆောက်သမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ကာရာဘောင်ဖလားပွဲစဉ် စတဲ့ခြောက်ပွဲမှာ နောက်ကျသွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့သလို ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်၊ ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ နောက်ကျသွင်းဂိုးတွေကြောင့်သာ ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ချယ်လ်ဆီးအသင်းကိုရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား ဒုတိယနေရာကို ဆင်းပေးခဲ့ရပြီး လက်ရှိအချိန်မှာ အောက်တိုဘာ ၄ ရက်ညပိုင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ အာဆင်နယ်အသင်းက ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးမှာ လီဗာပူးအသင်းကို တစ်မှတ်ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အောက်တိုဘာ ၁၉ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်(၈)အဖြစ် မန်ယူအသင်းကို အိမ်ကွင်းအန်ဖီးလ်မှာ ဧည့်ခံကစားရမှာဖြစ်ပြီး အသင်းရဲ့ ရှုံးနိမ့်မှုခံနေရချိန်မှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ရှုံးနိမ့်မှုနဲ့ မကြုံတွေ့စေဖို့ နိုင်ပွဲရရှိအောင် ကြိုးပမ်းရဦးမှာလည်း ဖြစ်ပါတယ်။



လီဗာပူးအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်တောင်ပံကစားသမား အိုလစ်အား ခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင်သန်း ၁၃၀ အထိ သုံးစွဲသွားမှာဖြစ်တယ်လို့ သိရပါတယ်။



မန်စီးတီးအသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းမှ အာဂျင်တီးနားညာနောက်ခံကစားသမား မိုလီနာအား ခေါ်ယူရန် စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။



ဘရန်းဖို့ဒ်အသင်းဟာ ဗီလာရီးယဲလ်အသင်းမှ ကင်မရွန်းတိုက်စစ်မှူး အက်တာအီယွန်းအား ပေါင် ၂၆ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

**ငွေကြယ် - ရေးသားသည်**

ရီးယဲလ်မက်ဒရစ်အသင်းဟာ မန်စီးတီးအသင်းမှ စပိန်ကွင်းလယ်ကစားသမား ရိုဒရီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အသက် ၂၉ နှစ် အရွယ် ရိုဒရီအား ပေါင်သန်း ၁၃၀ ထိပေးပြီး ခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။



## ဘိုင်ယန်မြူးနစ်အသင်း ဇယားထိပ်မှာ လေးမှတ်ဖြတ်ဖြင့် ဆက်လက်ဦးဆောင်

ဘိုင်ယန်မြူးနစ်အသင်းဟာ အောက်တိုဘာ ၄ ရက်ညပိုင်းက ဘွန်ဒက်လီဂါပွဲစဉ်မှာ ဖရန့်ဖက်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် ဇယားထိပ်မှာ လေးမှတ်ဖြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

ဖရန့်ဖက်အသင်းနဲ့ ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို လူးဝစ်ဒီယက်က တစ်ဂိုး၊ ဟယ်ရီကိန်းက နှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ အခုဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ၁၀ ပွဲမှာ ၁၈ ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့အပြင် ပြီးခဲ့တဲ့သီတင်းပတ်ကလည်း ဥရောပထိပ်တန်းလိဂ်ငါးလိဂ်မှာ ကလပ်အသင်းတစ်သင်းနဲ့အတူ ဂိုး ၁၀၀ ပြည့် အမြန်ဆုံးသွင်းယူနိုင်ခဲ့တဲ့ ကစားသမား ငါးဦးစာရင်းဝင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။



ဘိုင်ယန်မြူးနစ်အသင်းဟာ ဖရန့်ဖက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါပွဲစဉ်(၆)အပြီးမှာ အမှတ်ပေးဇယားဒုတိယနေရာက ဒေါ့မွန်အသင်းကို လေးမှတ် ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ အမှတ်ပေးဇယားထိပ်ဆုံးက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ဟာလည်း နိုင်ငံတကာပွဲစဉ်တွေ ယှဉ်ပြိုင်ကစားပြီးချိန်ဖြစ်မယ့် အောက်တိုဘာ ၁၈ ရက်မှာ ထိပ်တိုက်ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။



## ဗီလာရီးယဲလ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း အမှတ်ပေးဇယားထိပ်တက်လှမ်း

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဗီလာရီးယဲလ်အသင်းတို့ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဗီလာရီးယဲလ်အသင်းကို အနိုင်ရပြီး လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးကို တက်လှမ်းနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဗီလာရီးယဲလ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ဗီနီစီးယပ်ဂျူနီယာက နှစ်ဂိုး၊ အမ်ဘာတ်ပီက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဗီလာရီးယဲလ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကို မီကောက်တက်ဇ်က သွင်းယူပေးခဲ့တာဖြစ်ပြီး ဗီလာရီးယဲလ်အသင်းဟာ ချေပဂိုးထပ်မံရရှိရေး ကြိုးပမ်းရင်း ပွဲကစားချိန် ၇၇ မိနစ်မှာ မူရင်ဟို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် စပိန်လာလီဂါပွဲစဉ်ရှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပြီး ဗီလာရီးယဲလ်အသင်းကတော့ အမှတ်ပေးဇယား အဆင့်(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

# ရောဂါကို ကုသနည်း

**ပီမိုးနင်း**

လူမှန်သမျှ၌ လိုရာကိုဖြစ်စေနိုင်သော အတွင်းစိတ်၏ တန်ခိုးသတ္တိရှိကြောင်းကို သိရလေပြီ။ ထိုသတ္တိဖြင့် မိမိကိုယ်တိုင်၌ ဖြစ်ပျက်သောဝေဒနာတို့ကိုလည်းကောင်း၊ ယုံကြည်သောသူများနှင့် ကလေးများ၌လည်းကောင်း ဖြစ်ပျက်သည့်ရောဂါတို့ကို ပျောက်ကင်းအောင် တတ်နိုင်ကြောင်း ပုံသေယုံကြည်ရမည်။

စူးစိုက်သောစိတ်နှင့် အဖန်တလဲလဲရွတ်ဆိုခြင်း၊ အာရုံပြုခြင်းသည် တန်ခိုးကြီးသော အတွင်းစိတ် (ဝါ) အတွင်းလူသို့ ဆန္ဒကို ပေါက်ရောက်စေ၏။ ထိုအတွင်းစိတ်သို့ ဆန္ဒပေါက်ရောက်သည့်အခါ ထိုဆန္ဒပြည့်စုံအောင် အတွင်းစိတ်သည် ဖန်တီး၍ပေးရလေသည်။

နံနက်အိပ်ရာထနှင့် ညဉ့်အိပ်ရာဝင်အချိန် အောက်ပါအတိုင်း အမြဲစူးစိုက်သောစိတ်၊ မပျံ့လွင့်သောစိတ်နှင့် ကိုယ်ခန္ဓာကို ချမ်းသာစွာရှိစေလျက် ကိုယ်လက်အကြောအခြင်တို့ကို လျှော့စေရန် ကိုယ်တစ်ကိုယ်လုံး၏အလေးချိန်ကို အိပ်ရာပေါ်၌ ပိပိရိရိထိရောက်နေသည်ဟု အောက်မေ့ကာ အောက်ပါအတိုင်း နား၌ကြားအောင် ရွတ်ဆိုရမည်။

"ငါသည် တစ်နေ့တခြား ကိုယ်ရောစိတ်ပါ အရာရာ၌ ကျန်းမာချမ်းသာကောင်းမွန်၍လာ၏"

အလုံးအစိတ်ဖြစ်စေ၊ အလုံးသုံးဆယ်ဖြစ်စေရှိသော ပုတီးကို ကိုင်ကာ တစ်လုံးပြီးတစ်လုံး ဤစကားကို ရွတ်၍ချလေ။ တစ်ပတ်ပြည့်လျှင် တော်လောက်ပြီ။ ပိုနိုင်လျှင် ပိုသလောက် အကျိုးပေးမြန်၏။

စိတ်ပျံ့လွင့်မှန်းကို မသိတတ်ပေ။ မပျံ့အောင်လည်း သတိထားရမည်။ တစ်ခါတစ်ရံ လည်ပင်းမှာတောင့်၍နေ၏။ တစ်ခါတစ်ရံ ပခုံးမှာ တောင့်၍နေ၏။ မတောင့်မတင်းရသော သတိရှိစေရမည်။

ထိုစကားမှာ လုံးဝပြည့်စုံသောစကားဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် တစ်လမတိုင်မီ ရုပ်အဆင်းပါပြောင်းလဲ၍ လာလိမ့်မည်။ အိပ်ပျော်စားဝင်လာလိမ့်မည်။ မသိမသာ မထင်မရှားသော ဝေဒနာတစ်ခုခုရှိပါက ပျောက်မှန်းမသိ ပျောက်၍သွားလိမ့်မည်။

ကျွန်ုပ်မှာ ဒူလာသွေးဝမ်းသည် နှစ်ပေါင်းအစိတ်၊ သုံးဆယ်ခန့် စွဲခဲ့၍ သွေးစိမ်းရှင်ရှင်ကျ၏။ အတွင်းအင်္ဂါသည် အရေးကြီးပြီးသည့်နောက် အပြင်သို့ရောက်နေသဖြင့် များစွာဒုက္ခခံခဲ့ရ၏။ အဘယ်ဆေးကိုမျှမစား၊ ဆေးစား၍ ထိုရောဂါပျောက်လျှင် အတွင်းအင်္ဂါတစ်ခုကို ထိခိုက်တတ်သည်ဟု ပြောကြသဖြင့် ဝေဒနာမတိုးအောင်သာ အစားအသောက်ကို ရှောင်ခဲ့ရ၏။ အထက်ပါအလုပ်ကို စလုပ်ပြီးနောက် တနင်္ဂနွေ နှစ်ပတ်လောက်ကြာသောအခါ ကျန်းမာသောကလေးကဲ့သို့ ကျစ်လျစ်စင်ကြယ်၍ လုံးလုံးရောဂါရှားခဲ့လေသည်။ အသိမိတ်ဆွေတို့ကလည်း မျက်နှာ၌ပြောင်းလဲခြင်း၊ သွေးရောင်တောက်လျက် စိုပြည်၍ အသားအရေပြည့်တင်း၍လာခြင်းများကို ပြောကြလေသည်။ ကျွန်ုပ်ကိုယ်တိုင် ရွတ်ဆိုသောစကားမှာ အင်္ဂလိပ်လို အောက်ပါအတိုင်းဖြစ်၏။

Every day in every respect I am getting better and better.

ဤစကားမှာ အေမလီကွေး၏စကားပင်ဖြစ်လေသည်။

ခေါင်းကိုက်၊ ချောင်းဆိုး၊ အဆုတ်နာ၊ အသည်းနာ၊ သွက်ချာပါဒ အမူးအမော် စသည်တို့မှာ ဝေဒနာဖြစ်သောနေရာကို လက်ဖြင့်သပ်ကာ "ဤရောဂါပျောက်တော့မည်။ ဤရောဂါသွားတော့မည်၊ သက်သာလာပြီး ပျောက်တော့မှာပဲ" ဟု စိတ်ချယုံကြည်စွာ စူးစိုက်စွာ အခါမရွေး နေရာမရွေး ရွတ်ဆိုပါလေ။ မြန်မြန်နားကြားရုံရွတ်မှ သာ၍စူးစိုက်၏။ မပျောက်မချင်း ဤအလုပ်ကိုလုပ်ပါ၊ တစ်နေ့ပျောက်လိမ့်မည်ဟု ယုံကြည်ပါ။ ယုံကြည်ခြင်းမှာ အစ၌ မထက်သန်သော်လည်း တဖြည်းဖြည်း ထက်သန်၍လာလိမ့်မည်။ ကိုယ်လက်တောင့်တင်းခြင်း၊ လက်သီးဆုပ်ခြင်းမရှိစေရ၊ ပျောက်ပါစေ ပျောက်ပါစေဟု မဆိုရ၊ ပျောက်လိမ့်မည်ဟု ကျိန်းသေသောစိတ်နှင့် ရွတ်ဆိုရမည်။

ခါတ်ချုပ်လျှင် ဝမ်းဗိုက်ကိုပွတ်ကာ နက်ဖြန်နံနက် ငါ ဝမ်းသက်သာလိမ့်မည်ဟု ပုတီးစိပ်ပါလေ။

မကောင်းသော အကျင့်ရှိလျှင်လည်း ထိုအကျင့်ပျောက်လိမ့်မည်။ ဆေးလိပ်ဖြတ်ချင်လျှင် ငါ့မှာ ဆေးလိပ်သောက်ချင်သောစိတ် ရှိတော့မည်မဟုတ်၊ ဤစိတ် လုံးလုံးကင်းတော့မည်၊ ငါ အရက်မသောက်ချင်တော့ဘူး၊ ငါ့မှာ အရက်သောက်ချင်စိတ်ပျောက်တော့မည်၊ ငါ မပျင်းတော့ဘူး၊ ငါ ဝီရိယရှိလာပြီ၊ အပျင်းရောဂါ ပျောက်တော့မည် စသည်ဖြင့် အကျင့်စာရိတ္တကိုပင် ပျောက်စေနိုင်သည်။

ကလေးများအား အိပ်ရာဝင်၌ နားနားကပ်ကာ ကလေးမဆဲချင်တော့ဘူး၊ ကလေးလိမ္မာလာပြီး ကလေး ကျောင်းမပြေးတော့ဘူး၊ ကလေးမုသားမပြောတော့ဘူး စသည့်နည်းမျိုးဖြင့် ကုသပါလေ။

အိပ်ပျော်သောစိတ်သည် သာ၍တန်ခိုးကြီး၏။ အိပ်၍ပျော်ခါနီးမှာ အာရုံပြုလျှင်စိတ်အလုပ်ရပ်လျက် အတွင်းစိတ်မှာ နိုး၍နေသောကြောင့် ပြောသမျှအာရုံပြုသမျှသည် အတွင်းစိတ်သို့ ရောက်လွယ်လေသည်။ အိပ်မက်ခြင်းသည် အတွင်းစိတ်ကို နိုးကြား၍ အတိတ်၌ တွေ့ကြုံဖြစ်ပျက်ခဲ့သမျှတွေကို ဗိုင်းငင်သလိုငင်၍ ထုတ်ခြင်းဖြစ်လေသည်။

သို့ဖြစ်လေရာ အိပ်ပျော်၍သွားသည့်တိုင်အောင် အာရုံပြုလျှင် သာ၍ ဖြစ်မြောက်လွယ်လေသည်။

ဆရာများသည် ကျောင်းသားလေးများအား မျက်လုံးကို မှိတ်စေလျက် မိမိ၏နှုတ်မှ ရွတ်ဆိုသောစကားများကို စူးစိုက်စွာနားထောင်စေရန် မိန့်မှာပြီး အောက်ပါနည်းမျိုးဖြင့် နေ့စဉ် ကျောင်းတက်ကျောင်းဆင်းမှာ ရွတ်ဆို၍ပေးချေက ကလေးများမှာ အကျင့်စာရိတ္တကောင်း၍ လာပါလိမ့်မည်။

"ပညာကို ကြိုးစားသင်ကြစို့၊ မိဘဆရာသမား စကားများကို အမြဲနားထောင်မည်။ မုသာဝါဒမှစ၍ မကောင်းသော အလေ့အကျင့်တို့သည် ငါတို့မှာမရှိ။ ငါတို့၏ စိတ်နှလုံးသည် တစ်နေ့တခြား စင်ကြယ်၍လာလေပြီ။ ကျန်းမာသန်စွမ်းသော ယောကျ်ားကောင်းများဖြစ်ကြ၏။ မရိုးသားခြင်း၊ မုန်းထားခိုက်ရန်ဖြစ်ပွားခြင်း၊ မနာလိုဝန်တိုမိစ္ဆာဖြစ်ခြင်းတို့ကို ငါတို့သည် အမြဲစက်ဆုပ်မုန်းထားသူများဖြစ်ကြ၏။ ငါတို့သည် တစ်နေ့တခြား လူကောင်းများဖြစ်၍ လာကြပြီ"

စူးစိုက်သောစိတ်၏ အကျိုးစီးပွားများကို ဆရာသည် တပည့်များအား ဟောပြောကာ ဤဆုတောင်းမေတ္တာအမျိုးမျိုး၏ အစွမ်းကြောင့် အဘယ်ပုံကြီးပွားချမ်းသာကြမည့်အကြောင်းကို ညွှန်ပြကာ စူးစိုက်သောစိတ်၊ လူကောင်းဖြစ်လိုသောစိတ်၊ ဆိုးယုတ်သောအလေ့အကျင့်တို့ကို မုန်းထားသောစိတ်နှင့် နားထောင်ကြရန် နေ့စဉ်သတိပေးပြီး နေ့စဉ်ရွတ်ဆို၍ပေးချေက အတိုင်းမသိ ကြီးမြတ်သောအကျိုးကို အားလုံးပင် ခံစားရရှိကြမည်မှာ မလွဲနိုင်သောနည်းလမ်းဖြစ်လေသည်။

# တွေ့တွေ့ချင်း သဘောကျစေလိုလျှင်...

**ခင်မောင်ညို (ဘောဂဗေဒ)**

(၁၁-၉-၂၀၂၅ ရက်နေ့မှအဆက်)

"သူလည်းထွက်သွားရော တိတ်ဆိတ်သွားတာပဲ။ ပိုက်ဆံသေတ္တာ ကျွန်တော့်လက်ထဲ ထည့်လိုက်ကတည်းက ဒီနေရာမှာ ဘယ်သူလုပ်ပိုင်ခွင့်အရှိဆုံးဆိုတာ ပြလိုက်တာပဲ။ ဒါနဲ့ ကျွန်တော်က ပိုက်ဆံသေတ္တာကို အဘွားကြီးတစ်ယောက်ရဲ့လက်ထဲကို အပ်လိုက်တယ်။ ကျွန်တော် ငွေမကိုင်တတ်လို့ ကိုင်ပေးနိုင်မလား ပြောလိုက်တယ်။ နောက် အဘွားကြီးတစ်ယောက်ကိုတော့ ကလေးမနှစ်ယောက်ကို ဖျော်ရည်စက် ဘယ်လိုသုံးရတယ်ဆိုတာ ပြပေးနိုင်မလား၊ ဖျော်ရည်ရောင်းတဲ့ဘက်ကို တာဝန်ယူပေးနိုင်မလားလို့ မေးလိုက်တယ်။

"အဲဒီညနေကတော့ တော်တော်ကို ပျော်စရာကောင်းတယ်။ အဘွားကြီးတစ်ယောက်က "ငွေကိုင်တယ်။ နောက် အဘွားကြီးတစ်ယောက်က ကလေးမနှစ်ယောက်ကို ကြီးကြပ်တယ်။ ကျွန်တော်က ပြဇာတ်ကြည့်တယ်"

"အသိအမှတ်ပြုပါ"ဆိုသည့် အတွေးအခေါ်ကို အသုံးချရန်အတွက် သံအမတ်ဖြစ်ဖို့လည်းမလို။ ကော်မတီဥက္ကဋ္ဌဖြစ်ဖို့လည်း မလိုပါ။ နေ့စဉ်နေ့တိုင်း အသုံးချနိုင်ပါသည်။ ဥပမာ စားပွဲထိုးက ကိုယ်မှာတာ ယူမလာလျှင် "ဒုက္ခပေးရတာ စိတ်မရှိပါနဲ့ကွယ်။ တို့က အာလူးကြော်ကိုပိုကြိုက်တယ်"ဟု တလေးတစားပြောလျှင် သူကလည်း 'ကိစ္စမရှိပါဘူးရှင်'ဆိုပြီး ဝမ်းမြောက်ဝမ်းသာ လဲပေးလိမ့်မည်။

"ဒုက္ခပေးရတာ စိတ်မကောင်းပါဘူးကွယ်"၊ "ကျေးဇူးပြုပြီး တစ်ဆိတ်ကလေး လုပ်ပေးမလား"၊ "စိတ်မရှိပါနဲ့"၊ "ကျေးဇူးတင်လိုက်တာ" စသည့် သာမန်ယဉ်ကျေးသော အသုံးအနှုန်းလေးများသည် ပျင်းရိငြီးငွေ့စရာကောင်းသည့်ဘဝတွေကို စိုပြည်သွားစေနိုင်သည်။ မိ မဆုံးမ၊ ဖ မဆုံးမ မဟုတ်။ အဆုံးအမ၊ အလေ့အကျင့်ကောင်းကောင်းအောက်မှာ

**"ဒုက္ခပေးရတာ စိတ်မကောင်းပါဘူးကွယ်"၊ "ကျေးဇူးပြုပြီး တစ်ဆိတ်ကလေး လုပ်ပေးမလား"၊ "စိတ်မရှိပါနဲ့"၊ "ကျေးဇူးတင်လိုက်တာ" စသည့် သာမန်ယဉ်ကျေးသော အသုံးအနှုန်းလေးများသည် ပျင်းရိငြီးငွေ့စရာကောင်းသည့်ဘဝတွေကို စိုပြည်သွားစေနိုင်သည်။ မိ မဆုံးမ၊ ဖ မဆုံးမ မဟုတ်။ အဆုံးအမ၊ အလေ့အကျင့်ကောင်းကောင်းအောက်မှာ ကြီးပြင်းလာသည့်သူတစ်ယောက်ဖြစ်ကြောင်း ပြသနိုင်**

ကြီးပြင်းလာသည့် သူတစ်ယောက်ဖြစ်ကြောင်း ပြသနိုင်သည်။

အခြား ဥပမာတစ်ခုကို ကြည့်ကြပါဦးမည်။ ဤရာစုနှစ်၏ အစပိုင်းက ဟောလ်ကိန်း၏ဝတ္ထုများသည် အရောင်းသွက် ဝတ္ထုစာရင်းဝင်ဝတ္ထုများဖြစ်ခဲ့သည်။ သူ၏ဝတ္ထုများကို လူသန်းပေါင်းများစွာက ဖတ်ရှုခဲ့ကြသည်။ တကယ်တော့ သူသည် ပန်းပဲဆရာတစ်ဦး၏ သားဖြစ်ပြီး ရှစ်တန်းမျှသာ အောင်သည်။ သို့သော် သူကွယ်လွန်သည့်အခါ၌ စာပေလောကတွင် သူ့ခေတ် သူ့အခါက အချမ်းသာဆုံးလူတစ်ယောက် ဖြစ်လာခဲ့သည်။

ဖြစ်ပုံမှာ ဤသို့တည်း။ ဟောလ်ကိန်းသည် ဆွန်းနက်ကဗျာများနှင့် ဘဲလေးများကို ကြိုက်နှစ်သက်သူဖြစ်သည်။ ထို့ကြောင့် သူသည် ရိုဆက်တီ၏ ကဗျာအားလုံးကို အလွတ်ကျက်သည်။ ရိုဆက်တီ၏ ကဗျာများကို ချီးကျူးထားသော ဝေဖန်ရေးဆောင်းပါး တစ်စောင်ကိုလည်းရေးသည်။ ထိုဆောင်းပါးကို ရိုဆက်တီထံသို့ မိတ္တူပေးပို့လိုက်သည်။ ရိုဆက်တီက "ငါ့အစွမ်းအစကို ဒီလောက်သိတဲ့သူဟာ လူတော်တစ်ယောက် ဖြစ်ရမယ်"ဟု ယူဆပုံရသည်။

သို့ဖြင့် ရိုဆက်တီက ပန်းပဲဆရာ၏သားကို လန်ဒန်သို့လာရောက်ကာ သူ၏အတွင်းရေးမှူးလုပ်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုအချိန်ကစ၍ ဟောလ်ကိန်း၏ ဘဝသည် သိသိသာသာ ပြောင်းလဲသွားသည်။ သူ၏အလုပ်ခွင်၌ ထိုခေတ်က စာရေးဆရာအကျော်အမော်များနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ သူတို့ထံမှ အကြံကောင်းဉာဏ်ကောင်းတွေရခဲ့သည်။ သူတို့၏အားပေးစကားများကြောင့် ကိုယ်တိုင်စာရေးချင်စိတ်လည်း ပေါ်ပေါက်လာခဲ့သည်။ ဤသို့ဖြင့် ထင်ရှားကျော်ကြားသော စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့သည်။

သူကွယ်လွန်သည့်အခါ ဒေါ်လာသန်းပေါင်းများစွာတန်သောမြေကို ထားရစ်ခဲ့သည်။ သူ၏နေအိမ်ကိုလည်း ကမ္ဘာတစ်ဝန်းရှိ ကမ္ဘာလှည့်ခရီးသည်ပေါင်းများစွာက လာရောက်လည်ပတ်ခဲ့ကြသည်။

အကယ်၍သာ ထင်ရှားကျော်ကြားသည့် စာရေးဆရာတစ်ယောက်ကို ချီးကျူးဝေဖန်သောစာမျိုး မရေးမိပါက သူသည် ဆင်းရဲသားဘဝဖြင့် မထင်မရှား ကွယ်လွန်သွားမည်သာဖြစ်သည်။

ရိုးရိုးသားသား နှလုံးသားက ထွက်ပေါ်လာသော ချီးကျူးမှု၏ စွမ်းအားသည် ထိုမျှအထိ ကြီးမားသည်။

ရိုဆက်တီက သူ့ကိုယ်သူ အရေးပါသည့်သူဟု ယူဆသည်။ ဤသည်မှာ မဆန်းပါ။ လူတိုင်းလူတိုင်းက သူ့ကိုယ်သူ အရေးပါသည်။ အလွန့်အလွန် အရေးပါသည်ဟု ယူဆကြသည်။

သူ့ကို လူတစ်ယောက်ယောက်က အရေးပါ အရာရောက်သည်ဟု ထင်အောင်လုပ်ပေးနိုင်လျှင် လူပေါင်းများစွာတို့၏ဘဝများ ပြောင်းလဲသွားနိုင်သည်။

